ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ (22-9-2010) (၆၂၉)



မွန်ပြည်နယ် ကျိုက္ကမီမြို့ရှိ မြို့ပြနှင့် ကျေးလက်ဒေသ ဆက်သွယ်ရေး (PCO) မိုက္ကရိုတာဝါတိုင်ကို တွေ့ရစဉ်။

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေး
အဆင်အပြင် - ကိုမင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ရွှေပြည်သာမြို့နယ်ရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ တပ်ရင်းရုံး၌ ဗိုလ်ချုပ်တင်ငွေက တပ်ရင်းရှိ အရာရှိများအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေး၍ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အမှာစကားပြောကြား

ယင်းနောက် တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် အိမ်ထောင်သည် ရဲမေများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး နယ်မြေခံတပ်ရင်းမိသားစုဝင်များအတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို လှူဒါန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး ကျေးလက်ဒေသဖွံ့ဖြိုးရေး အများသုံးတယ်လီဖုန်းများဖြင့် အရှိန်အဟုန်မြှင့်တင်ပြီ

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ တိုးတက်ရေးအတွက် အနှစ်(၃၀) နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိရာ တယ်လီဖုန်းလုပ်ငန်း၊ ကြေးနန်းလုပ်ငန်း၊ စာပို့တိုက်လုပ်ငန်းများအတွက် သီးခြားရည်မှန်းချက်များ ထားရှိဆောင်ရွက်လျက်ရှိသည်။ တယ်လီဖုန်းလုပ်ငန်း၌ ရည်မှန်းချက်(၆)ရပ် ချမှတ်ထားရာတွင် "နိုင်ငံအနှံ့ ပြည်သူတိုင်း တယ်လီဖုန်းဆက်သွယ်နိုင်ရေးအတွက် အမျိုးသားဆက်သွယ်ရေးကွန်ရက်ကို တစ်ပြည်လုံး ဖြန့်ကြက်နိုင်ရေး ဦးစားပေး အဆင့်မြှင့် ဦးတည်ဆောင်ရွက်ရမည်" ဟူ၍ ပါရှိသည်။

အဆိုပါ ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကိုခံယူ၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း မြို့ကြီးများ၊ ခရိုင်မြို့များနှင့် နယ်မြို့များအဆင့်၌ အချိန်တိုအတွင်း ဆက်သွယ်နိုင်ရေးနှင့် ကျေးလက်ဒေသများပါ ဆက်သွယ်မှုကွန်ရက် ဖြန့်ကြက်နိုင်ရေးအတွက် အဝေးဆက်သွယ်ရေးစနစ်များဖြစ်သော ဖိုင်ဘာကေဘယ်ဆက်သွယ်ရေးစနစ်၊ အဆင့်မြင့် မိုက္ကရိုစတေရှင် ဆက်သွယ်ရေးစနစ်များအပါအဝင် ပြည်ပဆက်သွယ်မှုစနစ်၊ မြို့တွင်း ဆက်သွယ်မှုစနစ်များကို တိုးချဲ့တပ်ဆင်နိုင်ရန်အတွက် စီမံကိန်းများကို ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး တစ်ပြိုင်တည်း ပြည်သူများသို့ တယ်လီဖုန်းလိုင်းများကို တိုးချဲ့တပ်ဆင်ပေးခဲ့သည်။

ယင်းစီမံကိန်းများမှာ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်မှု အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစီမံကိန်း၊ အပြည်ပြည်ဆိုင်ရာ ဆက်ကြောင်းများ တိုးချဲ့ခြင်းနှင့် ဆက်သွယ်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းစီမံကိန်း၊ ပြည်တွင်းဆက်သွယ်ရေးလုပ်ငန်း တိုးချဲ့ခြင်း စီမံကိန်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆက်သွယ်ရေးစီမံကိန်း၊ ရန်ကုန်မြို့တွင်း လိုင်း ၆၀၀၀ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်း၊ ဧရာဝတီ အနောက်ဘက်ခြမ်းဒေသနှင့် နယ်စပ်ဒေသတို့တွင် ဆက်သွယ်ရေးစနစ် ကောင်းမွန်စေရန် မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းသစ်များ တည်ဆောက်ခြင်း စီမံကိန်း၊ အာရှ - ဥရောပ ရေအောက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

နေပြည်တော်ရှိ အော်တိုအိတ်ချိန်းနှင့် မိုက္ကရိုတာဝါတိုင်ကို တွေ့ရစဉ်။

ကြေးမုံ The Mirror

၂၂-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

ပွင့်လင်းရာသီအမီ ခရီးသွားလုပ်ငန်းများ ပြင်ဆင်

မကြာမီ ပွင့်လင်းရာသီ ရောက်ရှိလာတော့မည်။ နှစ်စဉ် အောက်တိုဘာလမှစ၍ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လာကြမည်ဖြစ်ရာ ခရီးစဉ်များ၊ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပွဲတော်များ၊ ပြပွဲများ ပိုမိုကျင်းပသွားနိုင်ရေး ကြိုတင်ပြင်ဆင်ကြရပေမည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာတွင် အောင်မြင်မှု ရရှိနေသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ နေရာဒေသအနှံ့အပြား၌ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနေကြပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးစနစ် တိုးတက်ကောင်းမွန်ခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးလာခြင်းတို့သည် ခရီးသွားလုပ်ငန်း ကျယ်ပြန့်လာရခြင်းတွင် အရေးပါသော အချက်များဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် အာရှ-ပစိဖိတ်ဒေသသည် ကမ္ဘာလှည့်ခရီးသည် အများအပြား လာရောက်ကြသည့် အဓိက ခရီးစဉ်ဒေသဖြစ်လာသည်။ မြန်မာနိုင်ငံရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများနှင့် အနုပညာလက်ရာများသည် ခရီးသွားဧည့်သည်များ အထူးစိတ်ပါဝင်စားသော အကြောင်းတစ်ရပ်ဖြစ်သည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာလှည့်ခရီးသည်အများစု လာရောက်ရာဒေသဖြစ်သည်။

ရှမ်းပြည်နယ်ရှိ အင်းလေးကန်၊ ပင်းတယဒေသတို့၏ သဘာဝရှုခင်းမြင်ကွင်းများ၊ ရိုးရာကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ တိုင်းရင်းသားရိုးရာပွဲတော်များ၊ ဒေသအလိုက် ကျင်းပသော ပွဲတော်များကိုလည်း ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စားကြကြောင်း တွေ့ရသည်။ ထို့အပြင် သဘာဝထိန်းသိမ်းတောများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းထားရှိရာ ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များသည်လည်း သဘာဝအခြေခံခရီးသွား လေ့လာသူများအတွက် ဆွဲဆောင်မှုရှိသောနေရာများဖြစ်သည်။

ယခုနှစ်စပိုင်းမှစ၍ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှု ပိုမိုများပြားလာသည်ကို တွေ့နေရသည်။ ပွင့်လင်းရာသီ ခရီးသည်များ ဝင်ရောက်လာချိန်တွင် ဝန်ဆောင်မှုအရည်အချင်းမြှင့်တင်ခြင်းဖြင့် ဧည့်ဝတ်ကျေပွန်ကြရပေမည်။ အထူးသဖြင့် ခရီးသည်များ အလွယ်တကူ သွားလာတည်းခိုနိုင်ရေး၊ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုနှင့် ဧည့်လမ်းညွှန်များ၊ မော်တော်ယာဉ်၊ ရထား၊ သီးသန့်သင်္ဘောများ၊ အပျော်စီးမော်တော်များ ပြည့်စုံကောင်းမွန်စေရေး စီစဉ်ထားကြရပေမည်။

ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူများ ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။ ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာတည်းခိုနိုင်ရေး ဝန်ဆောင်မှုပေးခြင်းသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် အဓိကအရေးပါသဖြင့် ခရီးစဉ်များ၊ ဝန်ဆောင်မှုပိုင်းဆိုင်ရာများ အဆင့်မြင့် ပြည့်စုံကောင်းမွန်နေစေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေကြရမည် ဖြစ်ပါသည်။ ။

Ethernet Over Power Line (Data Transmission) ခေါင်းစဉ်ဖြင့် လက်တွေ့သရုပ်ပြသွားမည်

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်စိုးမိုး၊ ဦးအောင်ဇော်မြင့်၊ ဦးဇော်ဝင်းထွန်း၊ ဦးရဲကျော်သိန်းတို့က စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ "Ethernet Over Power Line (Data Transmission)" ခေါင်းစဉ်ဖြင့် လက်တွေ့သရုပ်ပြမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်လေ့ကျင့်နိုင်ပြီး စက်တင်ဘာ ၂၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း၊ လက်တွေ့စမ်းသပ်သူ ၂၄ ဦး လက်ခံမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက မြန်မာအင်ဖိုတက်ခ်ရှိ အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးအောင်ကြည် ရွှေပြည်သာမြို့နယ် စက်မှုဇုန်ရှိ လုပ်သားထုကျန်းမာရေးစောင့်ရှောက်မှု ကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၂၁

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၃) တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းရှိ အာရှသမာဓိအထည်ချုပ်စက်ရုံသို့ ရောက်ရှိပြီး ရွှေပြည်သာစက်မှုဇုန်(၃/၄)တို့မှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ စက်မှုဇုန်အတွင်းရှိ စက်ရုံ အလုပ်ရုံများ၏ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေနှင့် သက်သာချောင်ချိရေးကိစ္စများကို ရင်းရင်းနှီးနှီး ဆွေးနွေးသည်။

ထို့နောက် ဝန်ကြီးသည် အဆိုပါ စက်ရုံရှိ အလုပ်သမားများအား လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်အလုပ်သမား ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က လုပ်ငန်းခွင်အရောက် ကွင်းဆင်းကုသပေးနေမှုနှင့် စက်ရုံလုပ်သားများအား မေးခိုင်ကာကွယ်ဆေးထိုးပေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေး၍ လုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်နေကြသော အလုပ်သမားများအား လှည့်လည်ကြည့်ရှု အားပေးသည်။

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၃)ရှိ အာရှသမာဓိအထည်ချုပ်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအတွင်း ဖွင့်လှစ်ထားသော အရေးပေါ်ဆေးခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးယုလွင်အောင်က စက်ရုံပိုင်ရှင်နှင့် ဆေးခန်းတာဝန်ခံတို့အား လိုအပ်သည့်ဆေးဝါးများ ဖြည့်ဆည်းပေးသည်။

ထို့နောက် အဆိုပါ စက်ရုံရှိ လုပ်သားများအား ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခိုင်ချိုမြင့်က လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းခွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်းကောင်း၊ တိုင်းမန်နေဂျာ ဒေါ်နွဲ့နွဲ့ရီက လူမှုဖူလုံရေးဆိုင်ရာ အကျိုးခံစားခွင့်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလက်တိုကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) သံကူကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပရာ အမှတ် (၁) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးမြင့်ဦး၊ မအူပင်ခရိုင် ဥက္ကဋ္ဌ ဦးအေးသောင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင် ဦးထွန်းလွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ မလက်တိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) သံကူကွန်ကရစ် နှစ်ထပ်စာသင်ကျောင်းဆောင်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားပြီး နှစ်ထပ်ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးမြင့်ဦးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးထွန်းလွင်တို့က မအူပင်ခရိုင် ပညာရေးမှူး ဦးစိုးမြင့်သန်းထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မလက်တိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန်းမေက အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဧည့်သည်များသည် သံကူကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကတိုး အထက မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၉ ရက်က တေဇခန်းမ၌ ကျင်းပရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် မယဉ်မင်းအေးအား ကျောင်းအုပ်ဆရာကြီး ဦးစောသန်းအောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

လုပ်ငန်းခွင်အကြို Professional Applications Developer သင်တန်းဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၂၁

Myanmar Professionals Education Centre မှ IT နှင့် ပတ်သက်သော Bachelor Degree၊ Master Degree အထိ ရရှိထားသူများ၊ Higher Diploma အဆင့်ထိ အောင်မြင်ပြီးသူများအနေဖြင့် IT Industry သို့ Professional Applications Developer တစ်ဦးအဖြစ် လုပ်ငန်းခွင် တိုက်ရိုက်ဝင်ရောက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားသော လုပ်ငန်းခွင်အကြို သင်တန်းကို အောက်တိုဘာ လဆန်းတွင် ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

အထက်ပါသင်တန်းတွင် Professional Applications Developer တစ်ဦး ဖြစ်စေရန်အတွက် အဓိကလိုအပ်ချက်များကို သင်ကြားပေးမည်ဖြစ်ပြီး စာတွေ့နှင့် လက်တွေ့လုပ်ငန်းခွင်ကြားတွင်ရှိသော ကွာဟချက်များကို ဆက်စပ်၍ ပေါင်းကူးသင်ကြားပေးနိုင်သည့် တစ်ခုတည်းသော သင်တန်းဖြစ်သည်။

သင်တန်းတွင် Microsoft. NET Framework & Visual Studio, Web Based & Windows Based Applications, Database Designs & Management, Design Pattern with C#.NET နှင့် Application Software Architecture စသည်တို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး Industry Based Project တစ်ခုကိုပါ Project Management စနစ်ဖြင့် ရေးသားရမည် ဖြစ်သည်။

သင်တန်းတွင် လက်တွေ့လုပ်ငန်းခွင်သုံး Software ရေးသားနည်းများကို အခြေခံ၍ လက်တွေ့ လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် အခက်အခဲမရှိစေရန်အတွက် အခြေခံ လိုအပ်ချက်များမှစ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ ထို့အပြင် MIT မှ Experience ရှိသူများက Software Product များရေးသားခြင်းနှင့် ပတ်သက်သော Experience Sharing အစီအစဉ်များလည်း သင်တန်းတွင် ပါဝင်မည်ဖြစ်သည်။

သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက် ပြီးဆုံးသူ တစ်ဦးအနေဖြင့် IT Industry သို့ ကျွမ်းကျင်၍ အရည်အချင်းပြည့်ဝသော Professional Applications Developer တစ်ဦးအဖြစ် မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝဖြင့် ဝင်ရောက်နိုင်မည်ဖြစ်သည်။

စိတ်ပါဝင်စား၍ သင်တန်းတက်ရောက်လိုသူများသည် Myanmar Professionals Education Centre အခန်း(၈၀၄/ B) ဒဂုံစင်တာ မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀၆၆၂၇၈သို့ ဆက်သွယ်ပြီး တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေး

မြင်းခြံ စက်တင်ဘာ ၂၁

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက် ကုန်စုံဆိုင်များ အိုင်အိုဒင်းဆားသုံးစွဲမှု အရည်အသွေး စစ်ဆေးမှုကို အမှုဆောင်အရာရှိ ဦးဝင်းဗိုလ်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်နိုင်နှင့် ဝန်ထမ်းများ စုပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မူးယစ်ကင်းစင် အလှဆင်

စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ပြီးစီးမှု တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် လှည်းကူးမြို့ အမှတ်(၃) စစ်မှုထမ်းဟောင်းကျေးရွာ(သပိတ်ကုန်း)၌ အိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြား သင်ယူနေမှုအခြေအနေနှင့် စာသင်ဆောင်တိုးချဲ့ ဆောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်တိုင်းစစ်ဌာနချုပ်က စိုက်ပျိုးထားသော မင်္ဂလာဒုံမြို့နယ် ဘားလားဒေသ(၁) စပါးစိုက်ခင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း မင်္ဂလာဒုံမြို့နယ် ဘားလားဒေသ(၁) စပါးစိုက်ခင်း၌ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး အထူးကုဆရာဝန်ကြီးများအဖွဲ့ အခမဲ့ကွင်းဆင်းကုသနေမှုကို ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးတို့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ တောင်ဥက္ကလာပ မိခင်နှင့်ကလေးအထူးကုဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီးများအဖွဲ့က ပြည်သူများအား အခမဲ့ကွင်းဆင်းကုသနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

အထူးကုဆရာဝန်ကြီးများ အဖွဲ့တွင် မြောက်ဥက္ကလာပ အထွေထွေရောဂါ အထူးကုဆေးရုံကြီး၊ ရန်ကုန် မျက်စိ အထူးကုဆေးရုံကြီးနှင့် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးတို့မှ သမားတော် အထူးကုဆရာဝန်ကြီးများနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တို့မှ အထူးကုဆရာဝန်ကြီးများနှင့် ဓာတ်ခွဲခန်းကျွမ်းကျင်သူများ၊ တောင်ဥက္ကလာပ မိခင်နှင့် ကလေး အထူးကုဆေးရုံကြီးမှ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်များနှင့် ကလေးအထူးကုဆရာဝန်များက ပြင်ပလူနာ စုစုပေါင်း ၁၇၃၃ ဦးတို့အား အခမဲ့ ကုသပေးကြပြီး သမားတော်အဖွဲ့က လူနာ ၂၄၅ ဦး၊ ခွဲစိတ်အထူးကုအဖွဲ့ကလူနာ ၂၈ ဦး၊ မျက်စိရောဂါအထူးကုအဖွဲ့က လူနာ ၅၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုအဖွဲ့က လူနာ ၈၉ ဦး၊ သွားနှင့်ခံတွင်းရောဂါ အထူးကုအဖွဲ့က လူနာ ၁၂၈ ဦး၊ မီးယပ်နှင့်သားဖွားရောဂါ အထူးကုအဖွဲ့က လူနာ ၈၀၊ ကလေးအထူးကုအဖွဲ့က လူနာ ၅၃ ဦးနှင့် တိုင်းရင်းဆေးသမားတော်အဖွဲ့က လူနာ ၁၀၆ ဦးတို့အား အခမဲ့ကုသပေးကြသည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ မြို့တော်ဝန်က တောင်ဥက္ကလာပ မိခင်နှင့်ကလေးအထူးကု ဆေးရုံကြီး မွေးကင်းစကလေး လူနာဆောင်တွင် အသုံးပြုရန်အတွက် ဆေးရုံသုံး စက်ကိရိယာ INCUBATOR တစ်လုံးကို ပေးအပ်လှူဒါန်းပြီး ဒုတိယဝန်ကြီးက တောင်ဥက္ကလာပမြို့နယ် ပြည်သူများအတွက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်စေသော ခြင်ကျားကာကွယ်ရန် ဆေးစိမ်ခြင်ထောင်များနှင့် ခြင်ထောင်ဆေးစိမ်ရန် ဆေးပြားများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ ဆေးတက္ကသိုလ်(၁) အစည်းအဝေးခန်းမ၌ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဖေသက်ခင်နှင့် ပါမောက္ခ၊ ဌာနမှူးများနှင့်တွေ့ဆုံ၍ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများဆိုင်ရာ ကိစ္စရပ်များ၊ ဆေးပညာသင်ကြားရေး၊ ဆေးရုံကြီးများ၌ အရည်အသွေးပြည့်မီသော ကျန်းမာရေး စောင့်ရှောက်မှုပေးရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ဆေးပညာသင်ကြားရေးနှင့် ဆေးလက်တွေ့ သင်ကြားရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပ မိခင်နှင့် ကလေး အထူးကုဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများ အဖွဲ့က ပြည်သူများအား အခမဲ့ကွင်းဆင်းကုသနေမှုကို ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးတို့ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

Wai De Footwear အရောင်းပြခန်းသစ် Junction Maw Tin Center ၌ ဖွင့်လှစ်ရောင်းချ

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် လမ်းသစ်လမ်းထောင့်ရှိ Junction Maw Tin Center ဒုတိယထပ်တွင် Wai De Footwear ဆိုင်သစ်ကို ထပ်မံဖွင့်လှစ်ပြီး တစ်မူထူးခြားသော အမျိုးသား၊ အမျိုးသမီးနှင့် ကလေးစီး နိုင်ငံခြားဖြစ် ဖိနပ်များကို Brand အစုံ၊ နောက်ဆုံးပေါ် ဒီဇိုင်းအစုံ၊ အရောင်အသွေးစုံ ပြသရောင်းချလျက်ရှိသည်။

Wai De Footwear ဆိုင်ခွဲသစ်တွင် Singapore နိုင်ငံမှ တင်သွင်းသော Ki Ki , DMK အမှတ်တံဆိပ်များနှင့် ထိုင်းနိုင်ငံမှ တင်သွင်းသည့် ဖိနပ်မျိုးစုံကိုလည်း တစ်နေရာတည်း၌ ပြည့်စုံစွာ ဝယ်ယူနိုင်ရန် စီစဉ်ထားသည်။

ထိုင်းနိုင်ငံမှ တင်သွင်းသော ဖိနပ်များထဲတွင် အရည်အသွေးမြင့်၊ အရောင်အသွေးစုံလင်သော ဒီဇိုင်းစုံ Lily အမှတ်တံဆိပ် အမျိုးသမီးစီးဖိနပ်များ၊ Scholl, Walker, Ferrize, Aerosoft, ADDA, Maldini အမှတ်တံဆိပ်အမျိုးမျိုးကိုလည်း သီးခြားအရောင်းပြခန်းဖြင့် ပြသရောင်းချလျက်ရှိသည်။

Wai De Footwear မှ အမျိုးသား၊ အမျိုးသမီး၊ ကလေးစီး နိုင်ငံခြားဖြစ် ဖိနပ်အရောင်အသွေးစုံ၊ ဒီဇိုင်းစုံကို Junction Maw Tin Center ဒုတိယထပ် ဆိုင်ခန်းအမှတ်(၂၂၉) ဖုန်း-၀၁-၂၁၈၂၅၂၊ လိုင်းခွဲ-၁၂၂၉၊ ၁၂၃၅ နှင့် ၁၂၃၆ တို့တွင် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Junction Maw Tin Center ဒုတိယထပ်တွင် Wai De Footwear ဆိုင်သစ်ကို ဖွင့်လှစ်ပြသရောင်းချလျက်ရှိစဉ်။ (သတင်းစဉ်)

သဘာဝရေပြင်အတွင်း လိပ်မျိုးစိုက်ထည့်

နေပြည်တော် စက်တင်ဘာ ၂၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသို့ သက်ဆိုင်ရာမှ မြို့နယ်အတွင်း ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသော ရေချိုလိပ် ၉၄ ကောင်ကို လွှဲပြောင်းပေးအပ်သဖြင့် ငါးလုပ်ငန်းဦးစီးဌာန ရုံးချုပ်၏ ညွှန်ကြားမှုဖြင့် မျိုးပွားစေရန် ရည်ရွယ်၍ သဘာဝရေပြင်အတွင်း လိပ်မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီတွင် ကျိုက်ထိုမြို့နယ် မြောက်ပိုင်းရပ်ကွက် ကဒက်ချောင်း၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အဆိုပါ အခမ်းအနားတွင် သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးခင်မောင်ထွန်း၊ ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဦးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ရေချိုလိပ်ကြီး ခြောက်ကောင်၊ လိပ်အသေး ၈၈ ကောင်တို့ကို ကဒက်ချောင်း သဘာဝရေပြင်အတွင်း လိပ်မျိုးစိုက်ထည့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးမြင့်ကြည်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲမှ ၁၁ နာရီအထိ အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး၌ ရွှေရန်ကုန်ယာဉ်လိုင်းမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၁၁၄ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှုကြိုရင်သွေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန နေပြည်တော်ရှိ ရင်သွေးရတနာ မူလတန်းကြိုကျောင်း၏ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မူကြိုရင်သွေးငယ်များက ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် သီချင်းဆိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများက ဆုရရှိသော ရင်သွေးငယ်များအား ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုလဲမြို့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများကို စက်တင်ဘာ ၁၁ ရက်တွင် မြို့ပေါ်ရပ်ကွက်များ၌ ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အတူ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်းပြီး တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ပညာပေးဆောင်ရွက်ကြကြောင်းသိရသည်။ (သတင်းစဉ်)

အထက(၂) မြင်းခြံ မြတ်ဆရာပူဇော်မည်

မြင်းခြံ စက်တင်ဘာ ၂၁

မြင်းခြံမြို့ အထက(၂)၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၃ ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ကျင်းပမည်ဖြစ်ရာ အထက(၂)၌ တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံစာရင်းများကို အောက်တိုဘာ ၁၆ ရက် နောက်ဆုံးထားစာရင်းပေးသွင်းကြပါရန်နှင့် အလှူငွေများကို ဦးသောင်းညွန့် (အမှုဆောင်အရာရှိ) ရပ်စောက်မြို့ ဖုန်း-၀၈၁-၂၀၄၀၅၉၊ ဗိုလ်ကြီးသန်းဆွေဝင်း(ငြိမ်း) ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၃၄၁၀၉၊ ၀၉-၅၀၃၅၅၈၈၊ ဦးဌေးဝင်း(မြင်းခြံ) ဖုန်း-၀၆၆-၂၂၅၉၅၊ ၀၉-၀၀၁၅၈၂၀၊ ဦးမြင့်နိုင်ဦး(မြင်းခြံ) ဖုန်း-၀၉-၂၂၁၅၆၇၀၊ ဦးတင်အောင်ကျော်(မော်လမြိုင်) ဖုန်း-၀၉-၅၃၂၀၂၇၆၊ ဦးမြင့်ဇော်ဦး (ဗန်းမော်) ဖုန်း-၀၇၄-၅၀၂၀၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အကြမ်းဖက်ဝါဒ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို ရင်ဆိုင်ရန် ပြင်သစ်ပြင်ဆင်ထား

ပါရီ စက်တင်ဘာ ၂၁

အများပြည်သူဆိုင်ရာနေရာများကို အကြမ်းဖက်သမားများက ပစ်မှတ်ထားတိုက်ခိုက်လာနိုင်ကြောင်း ထောက်လှမ်းရေးသတင်းများတွင် ဖော်ပြထားရာ ယင်းအန္တရာယ်ကို ကာကွယ်ရန် ပြင်သစ်နိုင်ငံက အသင့်ပြင်ထားကြောင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၀ရက်တွင် ပြောကြားသည်။

စက်တင်ဘာ ၁၆ ရက်ကလည်း တိုက်ခိုက်မှုတစ်ရပ် ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သတင်းတစ်ရပ်ကြောင့် ပြင်သစ်အာဏာပိုင်များသည် လုံခြုံရေးအရ အသင့်ပြင်ဆင်ထားခဲ့ကြောင်း သိရသည်။ ယင်းနေ့က ပုံမှန်မဟုတ်သော ဖြစ်စဉ်များ မဖြစ်ပွားခဲ့သော်လည်း ပြင်သစ်အာဏာပိုင်များသည် ၎င်းတို့၏ လုံခြုံရေးအဆင့်ကို လျှော့ချခဲ့ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံသား ငါးဦးနှင့် အာဖရိကတိုက်သားနှစ်ဦး နိုင်ဂျာနိုင်ငံတွင် မြောက်အာဖရိက အယ်လ်ခိုင်ဒါအဖွဲ့၏ ပြန်ပေးဆွဲမှုကိုခံခဲ့ရခြင်း၊ အိုင်ဖယ်လ်မျှော်စင်တွင် စက်တင်ဘာ ၁၄ ရက်က အမှန်မဟုတ်သော ဗုံးလန့်မှုဖြစ်ပွားခဲ့ခြင်း စသောဖြစ်စဉ်များ ပေါ်ပေါက်ပြီးနောက် ပြင်သစ်နိုင်ငံတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်လာနိုင်ဖွယ် သတိပေးချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

အမျိုးသမီး အသေခံဗုံးခွဲသမားတစ်ဦးသည် ပြင်သစ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးစနစ်ကို ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်နေသည်ဟု ထောက်လှမ်းရေးသတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။ ပြင်သစ်နိုင်ငံသည် အကြမ်းဖက်ဝါဒ၏ ခြိမ်းခြောက်မှုကို အမှန်တကယ် ရင်ဆိုင်နေရပြီး ပြည်တွင်း၌ အရင်းခံ ပေါက်ဖွားသော အကြမ်းဖက်ဝါဒီများ၏ အန္တရာယ်ကိုလည်း စိုးရိမ်နေရကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

အမ်အင်အေ၊ ရိုက်တာ။

စက်တင်ဘာ ၁၄ ရက်က အမှန်တကယ်မဟုတ်သော ဗုံးခြိမ်းခြောက်မှု ဖြစ်ပွားခဲ့သော ပြင်သစ်နိုင်ငံမှ အိုင်ဖယ်လ်မျှော်စင်။

ကမ္ဘာ့အကြီးဆုံးပင့်ကူအိမ် မဒါဂတ်စကားကျွန်း၌ တွေ့ရှိ

အန်တာနာနာရီဗို စက်တင်ဘာ ၂၁

မဒါဂတ်စကားကျွန်းပေါ်တွင် တွေ့ရှိရသော ပင့်ကူမျိုးစိတ်သစ်သည် ကမ္ဘာ့အကြီးဆုံး ပင့်ကူအိမ်ကို ရက်လုပ်နိုင်စွမ်းရှိပြီး ၎င်းတို့ နေထိုင်ရာ ပင့်ကူအိမ်သည် အလျားအားဖြင့် မီတာ ၃၀ ရှည်လျားကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများတွင် ဖော်ပြသည်။

ဇီဝချည်မျှင်

ကမ္ဘာပေါ်ရှိ အခြားမည်သည့် ပင့်ကူမျိုးစိတ်ကမျှ ရက်လုပ်နိုင်ခြင်းမရှိသော ပင့်ကူအိမ်မျိုးကို မဒါဂတ်စကားကျွန်းပေါ်မှ ပင့်ကူမျိုးစိတ် (Darwin's bark Spider) များက ရက်လုပ်နိုင်ပြီး ယင်းသို့ ရက်လုပ်ရာတွင် အလွန်ခိုင်ခံ့သော ဇီဝချည်မျှင်များကို အသုံးပြုကြကြောင်း သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်။

ယင်းပင့်ကူများသည် ၎င်းတို့၏ ပင့်ကူအိမ်ကို စီးဆင်းနေသော မြစ်ကြောင်းများ၊ ရေကန်များ၏ ကမ်းတစ်ဖက်တစ်ချက်ကို ဆက်သွယ် ရက်လုပ်နေထိုင်ကြကြောင်း သိရသည်။ အရွယ်ပမာဏကြီးမားမှုကြောင့် ယင်းပင့်ကူအိမ်များသည် တစ်ကြိမ်လျှင် သားကောင် ၃၀ ခန့်ကို ဖမ်းဆီးနိုင်သည်။

ပိုက်ကွန်သဖွယ်

ယင်းပင့်ကူမျိုးစိတ်သစ်သည် မြစ်တစ်စင်း သို့မဟုတ် ရေကန်တစ်ကန်၏ ကမ်းတစ်ဖက်တစ်ချက်ကို ဖြတ်သန်း၍ အိမ်ဖွဲ့ ရက်လုပ်လေ့ရှိခြင်းကြောင့် ရေပြင်ပေါ်မှ ဖြတ်ပျံသော အင်းဆက်များကို အဆိုပါ ပင့်ကူအိမ်က ပိုက်ကွန်သဖွယ် ဖမ်းဆီးထားနိုင်ကြောင်း ပွာတိုရီကိုတက္ကသိုလ်မှ ပညာရှင်တစ်ဦးက ပြောကြားသည်။

အဆိုပါ ပင့်ကူများသည် ကမ်းတစ်ဖက်တစ်ချက် သွယ်တန်းနိုင်ရန် ၂၅ မီတာအထက် ရှည်လျားသော ဆိုင်းကြိုးမျှင်များကို ရက်လုပ်ရမည်ဖြစ်သည်။ **အင်တာနက်။**

အစ္စရေးတပ်ဖွဲ့က လက်ဘနွန်တပ်ဖွဲ့ကို နှစ်နိုင်ငံနယ်စပ်တွင် ပစ်ခတ်ဟုဆို

ဘေရွတ် စက်တင်ဘာ ၂၁

နှစ်နိုင်ငံ နယ်စပ်ဒေသတွင် အစ္စရေးတပ်ဖွဲ့များက လက်ဘနွန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၂၀ ရက် ညပိုင်းက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း လက်ဘနွန်နိုင်ငံပိုင် သတင်းဌာနတစ်ခုက သတင်းထုတ်ပြန်သည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(အိုင်ဒီအက်ဖ်) တပ်ဖွဲ့ဝင်များသည် နှစ်နိုင်ငံနယ်စပ်နှင့် မီတာအနည်းငယ်မျှသာဝေးသော လက်ဘနွန်နိုင်ငံတွင်းရှိ ဒူဟိုင်ရာမြို့အနီး တပ်စွဲထားသော လက်ဘနွန်တပ်ဖွဲ့တစ်ဖွဲ့ကို ပစ်ခတ်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အုပ်စု၏ ရုပ်သံလိုင်းက လွှင့်ထုတ်ခဲ့သည်။

လက်ဘနွန်နယ်မြေခံ သတင်းဌာနများ၏ ထုတ်ပြန်ချက်အရ အစ္စရေးတပ်ဖွဲ့များက နယ်စပ်ကျော်လွန် ပစ်ခတ်မှုပြုလုပ်ခဲ့ပြီးနောက် ဒူဟိုင်ရာမြို့အနီးရှိ လက်ဘနွန်တပ်ဖွဲ့များသည် အသင့်အနေအထားပြင်ဆင်ထားကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ လက်ဘနွန် လက်နက်ကိုင်တပ်ဖွဲ့ (အယ်လ်အေအက်ဖ်)က ၎င်း၏ နယ်မြေအတွင်းရှိ ကုလသမဂ္ဂ ကြားခံဇုန်တပ်ဖွဲ့များကိုလည်း အသိပေးထားသည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အစ္စရေးနှင့် လက်ဘနွန် နှစ်နိုင်ငံနယ်စပ်အနီးမှ အစ္စရေးတပ်ဖွဲ့၏ ကင်းလှည့်ယာဉ်တစ်စင်း။

ဂါဇာဒေသသို့ မော်တော်ယာဉ်တင်သွင်းခွင့် ပိတ်ပင်မှု အစ္စရေးနိုင်ငံ ရုပ်ဆိုင်း

ဂါဇာစီးတီး စက်တင်ဘာ ၂၁

ဟားမားစ်လှုပ်ရှားမှုအဖွဲ့က ၂၀၀၇ ခုနှစ်တွင် ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ယင်းဒေသသို့ မော်တော်ယာဉ်များ တင်သွင်းခွင့်ကို အစ္စရေးနိုင်ငံက စက်တင်ဘာ ၂၀ ရက်တွင် ခွင့်ပြုခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။

ကိုရီးယားနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ တင်သွင်းသော မော်တော်ယာဉ်အသစ် ငါးစီးနှင့် တစ်ပတ်ရစ် မော်တော်ယာဉ် ၁၅ စီးတို့သည် အစ္စရေးတို့ ထိန်းချုပ်ထားသော ခါရမ်ရှလုန်နယ်စပ်စခန်းမှတစ်ဆင့် ဂါဇာကမ်းမြောင်ဒေသသို့ ဖြတ်ကျော်ဝင်ရောက်သွားခဲ့ပြီဖြစ်သည်။

မေလအတွင်းက ဂါဇာဒေသ ထောက်ပံ့ရေးသင်္ဘောအုပ်စုကို အစ္စရေးရေတပ်က စီးနင်းတိုက်ခိုက်ခဲ့ရာ လူကိုးဦးသေဆုံးခဲ့ပြီးနောက် နိုင်ငံတကာ၏ ဖိအားပေးမှုကြောင့် အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားမှုအား လျှော့ချပေးခဲ့သည်။

ယခင်က ဂါဇာကမ်းမြောင်ဒေသကို မော်တော်ယာဉ်များ တင်သွင်းရာတွင် အီဂျစ်နှင့်ဂါဇာနယ်စပ်ရှိ ဥမင်လိုဏ်များမှတစ်ဆင့် မှောင်ခိုသွင်းခဲ့ကြရသည်။ ဒေသခံ ကုန်သည်တစ်ဦး၏ အဆိုအရ ယခုနှစ်အတွင်း ဥမင်လိုဏ်များမှတစ်ဆင့် မှောင်ခိုသွင်းယူခဲ့ရသော ယာဉ်စီးရေ ၂၀၀ ရှိခဲ့ပြီး ပြန်လည်ရောင်းချသည့်အခါ မူလတန်ဖိုးထက် နှစ်ဆမြှင့်၍ ရောင်းချရကြောင်း သိရသည်။

ဂါဇာဒေသသို့ မော်တော်ယာဉ်များ ပြန်လည်တင်သွင်းခွင့်ကို အစ္စရေးနိုင်ငံက ခွင့်ပြုခဲ့ခြင်းကြောင့် ဒေသတွင်း မှောင်ခိုကားဈေးကွက်၌ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး ကားဈေးများလည်း ပြန်လည်ကျဆင်းသွားမည်ဖြစ်ကြောင်း ဂါဇာကမ်းမြောင် မော်တော်ယာဉ် ဝယ်ယူရောင်းချသူများအသင်း ဥက္ကဋ္ဌက သုံးသပ်သည်။ **အမ်အင်အေ၊ ရိုက်တာ။**

ဖိလစ်ပိုင်တောင်ပိုင်းတိုက်ပွဲဖြစ်ပွား ထိပ်တန်းစစ်သွေးကြွတစ်ဦးသေဆုံး

မနီလာ စက်တင်ဘာ ၂၁

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ ကျေးရွာတစ်ရွာ၌ အဘူဆေယက် ခေါင်းဆောင်သည့် စစ်သွေးကြွအုပ်စုမှ သေနတ်သမားများနှင့် အစိုးရတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ တနင်္ဂနွေနေ့က ဖြစ်ပွားသော တိုက်ပွဲအတွင်း ထိပ်တန်းစစ်သွေးကြွတစ်ဦး သေဆုံးကြောင်း စစ်ဘက်က ယနေ့ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ ဘာစီကန်ကျွန်း လန်တာဝန်မြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ၌ အဘူခါရင်ဆာလီအမည်ရှိ စစ်သွေးကြွတစ်ဦး သေဆုံးခဲ့သည်။ ၎င်းသည် ၂၀၀၁ ခုနှစ်က အမေရိကန်သုံးဦးနှင့် ဖိလစ်ပိုင်လူမျိုး ခရီးသည် ၁၇ ဦးခန့်ကို ပြန်ပေးဆွဲရာတွင် ပါဝင်ခဲ့သူဖြစ်ကြောင်း ဒေသဆိုင်ရာ တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ဘင်ဂျမင်ဒေါ်လာဖီနိုက ပြောကြားသည်။

တိုက်ပွဲဖြစ်ပွားခဲ့ရာ ကျေးရွာသည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသော အဘူဆေယက်သူပုန်အဖွဲ့ ခြေကုပ်ပြုရာ ကျေးရွာတစ်ရွာဖြစ်သည်။ သောင်းကျန်းသူများ ထွက်ပြေးသွားခဲ့ပြီး အမ်-၁၆ ရိုင်ဖယ်သေနတ်တစ်လက်၊ လောင်ချာတစ်လက်၊ ခဲယမ်းမီးကျောက်များနှင့် ဆဲလ်ဖုန်းများကို သိမ်းဆည်းရမိကြောင်း ၎င်းကပြောကြားသည်။ **ပရက်စ်တီဗွီ။**

အိမ်နီးချင်း၏ အမှိုက်ပုံးကို လိုက်ဆယ်သည့် အဘိုးအို ပင်လယ်တွင်းသို့ မျောပါ

အိန်ဂျယ်လ်ဆီး စက်တင်ဘာ ၂၁

ဗြိတိန်နိုင်ငံ ဝေလပြည်နယ်မြောက်ပိုင်း၊ ဆိပ်ခံနီပင်လယ်အော်ရှိ အိန်ဂျယ်လ်ဆီးကျွန်းမြို့၏ ကမ်းခြေတွင် နေထိုင်သော အသက်(၈၁)နှစ်အရွယ် ပင်စင်စားအဘိုးအိုတစ်ဦးသည် အိမ်နီးချင်းတစ်ဦး၏ ဘီးတပ်အမှိုက်ပုံးတစ်လုံး လေတိုက်ခတ်မှုနှင့် ဒီရေ၏ဆွဲချမှုကြောင့် ပင်လယ်ထဲသို့ မျောပါသွားသည့်အတွက် ရော်ဘာလှေငယ်တစ်စင်းဖြင့် လိုက်လံဆယ်ယူရာမှ ၎င်းကိုယ်တိုင် လှေနှင့်အတူ ပင်လယ်ထဲမျောပါသွားသော ဖြစ်ရပ်တစ်ခု စက်တင်ဘာ ၁၀ ရက်က ဖြစ်ပွားခဲ့သည်။

လေပြင်းထန်စွာတိုက်ခတ်မှုကြောင့် အမှိုက်ပုံးကို လိုက်ဆယ်သူ အဘိုးအို၏ လှေသည် ကမ်းမှတစ်မိုင်ခန့်အထိ မျောပါသွားသောကြောင့် စေတနာ့ဝန်ထမ်းအဖွဲ့တစ်ဖွဲ့က အသက်ကယ်ရေယာဉ်တစ်စင်းဖြင့် လိုက်လံကယ်တင်ခဲ့ရသည်။ ယင်းအဘိုးအိုသည် အသက်ကယ်အင်္ကျီသော်လည်းကောင်း၊ မိုးကာအင်္ကျီသော်လည်းကောင်း ဝတ်ဆင်ထားခြင်းမရှိသည့်အတွက် ကိုယ်တွင်းအပူချိန်ကျဆင်းမှုဝေဒနာကို ခံစားခဲ့ရသောကြောင့် အရေးပေါ်ကုသပေးခဲ့ရကြောင်း သိရသည်။

အိန်ဂျယ်လ်ဆီးကျွန်းရှိ စေတနာ့ဝန်ထမ်း အသက်ကယ်အဖွဲ့သားတစ်ဦးက မိမိတို့အဖွဲ့သည် နှစ်ပေါင်းများစွာ အရေးပေါ်ကယ်ဆယ်ရေးအမျိုးမျိုး လုပ်ခဲ့ဖူးသော်လည်း ယခုကဲ့သို့ လူကိုသာမက အမှိုက်ပုံးတစ်ပုံးကိုပါ ဆယ်ယူပေးခဲ့ရခြင်းမှာ ပထမဦးဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။ **အမ်အိုအယ်လ်။**

ပင်စင်စား အဘိုးအို၏ ရော်ဘာလှေငယ်နှင့် ၎င်းကြိုးစား ပမ်းစား လိုက်ဆယ်ခဲ့သော အမှိုက်ပုံးကို ကမ်းခြေသို့ ရေယာဉ်ဖြင့် ပြန်ဆွဲလာစဉ်။

အမှာစကားပြောကြား

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ(၃၁)ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများအသင်း လုပ်ငန်းကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

(၃၁)ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများအသင်း လုပ်ငန်းကော်မတီအစည်းအဝေး ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ဖွင့်ပွဲအခမ်းအနား တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၁)ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများအသင်း လုပ်ငန်းကော်မတီ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Grand Ballroom ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံဆိပ်ကမ်းများအသင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အာဆီယံဆိပ်ကမ်းများအသင်း အတွင်းရေးမှူးချုပ်၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံကိုးနိုင်ငံရှိ ဆိပ်ကမ်းများအသင်းမှ ကိုယ်စားလှယ် ၅၂ ဦးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် အာဆီယံဆိပ်ကမ်းများအသင်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ Capt; Dato Haji Abdul Rahim bin Haji Abdul Aziz တို့က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားကြသည်။

အမှာစကားပြောကြား

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် အာဆီယံဆိပ်ကမ်းများအသင်း လုပ်ငန်းကော်မတီ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသည်။

အာဆီယံ ဆိပ်ကမ်းများအသင်းကို ၁၉၇၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ၂၀၀၅ ခုနှစ်တွင် အာဆီယံဆိပ်ကမ်းများအသင်းသို့ အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ အာဆီယံဆိပ်ကမ်းများအသင်းက ကြီးမှူး၍ တစ်နှစ်လျှင် လုပ်ငန်းကော်မတီအစည်းအဝေးတစ်ကြိမ်နှင့် နှစ်ပတ်လည်အစည်းအဝေးတစ်ကြိမ် စုစုပေါင်းတစ်နှစ်လျှင် အစည်းအဝေးနှစ်ကြိမ်ကို အသင်းဝင်နိုင်ငံများ၌ အလှည့်ကျ ကျင်းပလျက်ရှိသည်။ ယခု(၃၁)ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများအသင်း လုပ်ငန်းကော်မတီအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံ၍ စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

အာဆီယံဆိပ်ကမ်းများအသင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ Capt; Dato Haji Abdul Rahim bin Haji Abdul Aziz ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁)ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများအသင်း လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပစဉ်။
(သတင်းစဉ်)

စာအုပ်စာပေ လှူမိတ်ဆွေ

သာကေတ မင်္ဂလာကန်တော်ကြီး
ကန်တူးကန်ဆယ်လုပ်ငန်းများအတွက် အလှူငွေများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်၏ (၆)အနောက်ရပ်ကွက်ရှိ မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ်လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၃ ရက်က မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အလှူရှင် အင်းယားမြိုင်လမ်း ဗဟန်းမြို့နယ်နေ ဦးမြတ်ကျော်မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဥက္ကာ(၄)လမ်း မြောက်ဥက္ကလာပမြို့နယ်နေ ဦးသန့်ဇင်-ဒေါ်သီတာလွင် မောင်နှမတစ်စု **(အောက်ပုံ)** က ငွေကျပ် ၇၅၀၀၀၊ မိဘနှစ်ပါးအား ရည်စူး၍ ဖို့မြေလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဆရာမဒေါ်ခင်နီက ငွေကျပ် ၄၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အမှုဆောင်နာယက ဦးအောင်ကျော်ညွန့်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။ အလှူငွေများ ဆက်သွယ်လှူဒါန်းလိုပါက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၀၉-၅၁၈၇၀၇၈၊ ၀၉-၅၁၉၅၄၀၇၊ ၇၃၁၀၀၃၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(ကြေးမုံ)

ညောင်လေးပင်မြို့ အာစရိယပူဇော်ပွဲ ကျင်းပမည်

ညောင်လေးပင် စက်တင်ဘာ ၂၁

ညောင်လေးပင်မြို့ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အမှုဆောင်များဖြစ်ကြသော ဦးစောမြင့် (ရန်ကုန်) ဖုန်း-၀၉-၅၁၀၇၉၃၀၊ ဦးကျော်ဝင်း-ဒေါက်တာ တင်တင်အေး ဖုန်း-၀၁-၅၁၂၉၄၆၊ ဦးစိုးဝင်း -ဒေါ်နုနု ဖုန်း-၀၉-၅၃၈၅၂၈၂၊ဦးအောင်မော်-ဒေါ်သန်းသန်း ဖုန်း-၀၅၂-၅၀၄၉၆၊ ဦးမောင်မောင်ဇော် ဖုန်း-၀၉-၅၃၈၅၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ တရားတော်
၇း၁၀	၃။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ -အဘိဓမ္မာသဒ္ဒါမြတ်ကျမ်းစာ (အပိုင်း-၅)
၇း၁၅	၄။ ဓမ္မပူဇာတေး
၇း၂၀	၅။ မျိုးချစ်တပ်မတော်
၇း၂၅	၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၃၅	၃။ အမျိုးသားရေးတေးကဗျာ
၄း၄၀	၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅	၆။ မျိုးချစ်တပ်မတော်
၅း၀၅	၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၅	၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅	၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။ လျှပ်တစ်ပြက်
၆း၃၅	၁၄။ Mail Box
၆း၄၅	၁၅။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ(အပိုင်း -၅)
၇း၀၀	၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၁၀)**
၈း၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ နိုင်ငံတကာသတင်း
	၁၉။ မိုးလေဝသသတင်း
	၂၀။ အမျိုးသားရေးတေးကဗျာ
	၂၁။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -နင်လားဟဲ့လောကခံ (မိုးယံဇွန်၊ ဇော်ဝေ၊ ဗေဒါ၊ ထက်ထက်၊ ဝိုင်းချစ်၊ တာဇံ၊ ချမ်းမီမီကို၊ မျိုးမျိုးခိုင်၊ နှိုင်းယှဉ်မြင့်မိုရ်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
	၂၂။ **Internet Website** ကဏ္ဍ
	၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၁၆)**
	၂၅။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
	၂၆။ သင့်အတွက်မနက်ဖြန်
	၂၇။ အပိတ်နှုတ်ဆက်စကား
	၂၈။ ပြီးပါပြီ။

မြင်းခြံမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် စက်တင်ဘာ ၂၁

မြင်းခြံမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လတ်က မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဦးကျော်ထွန်းအေး၊ အမှုဆောင်များနှင့် အဖွဲ့ဝင်များပါဝင်သော မြို့နယ်ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်လွှာကို ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စေတနာခရီးတစ်ခေါက်

ချစ်နိုင် (စိတ်ပညာ)

"တကယ်တော့ ကျွန်တော် တော်လို့မဟုတ်ပါဘူးဗျာ။ ကျွန်တော့်ရှေ့က ပညာရှင်၊ ပညာရှိတွေရဲ့ ပခုံးပေါ်ကို တက်ရပ်ပြီး ကြည့်ခွင့်ရလို့ ကျွန်တော် ဝေးဝေးမြင်ရတာပါ။ ရှေ့က (စာအုပ်၊ စာပေ၊ ကျမ်းစသည့် ရေးခဲ့ကြတဲ့) လူတွေရဲ့ ကျေးဇူးပါ။"

အဲလ်ဘတ် အိုင်းစတိုင်း
ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး

၂၀၁၀ ခုနှစ် ဩဂုတ်လရဲ့ မိုးရာသီနေ့ရက် တစ်ရက်မှာ ကျွန်တော်တို့သွားခဲ့တဲ့ နေ့ချင်းပြန်ခရီး တစ်ခုအကြောင်းလေး အစီရင်ခံချင်ပါတယ်။ အသွားမိုးထဲ၊ အပြန်မိုးထဲ၊ မိုးရေစိုစို့ရွှဲ။

ကျွန်တော်တို့ဆိုတာက မြန်မာနိုင်ငံစာပေနဲ့ စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်တဲ့အဖွဲ့ပါ။ ကျွန်တော်တို့အဖွဲ့ဟာ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်မှ သရက်ချောင်း စံပြကျေးရွာနဲ့ မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာတို့ကို ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်တွေ၊ ဂျာနယ်နဲ့ မဂ္ဂဇင်းတွေ သယ်ဆောင်ပြီး ဘတ်စ်ကားကြီးတစ်စီးနဲ့ သွားရောက်ခဲ့ကြပါတယ်။ ဂျာနယ်တိုက်အချို့က သတင်းထောက်လူငယ်လေးများ၊ MRTV-4 ရိုက်ကူးရေးကင်မရာမင်းများလည်း ပါကြတယ်ပေါ့ ခင်ဗျာ။

အဲဒီနေ့က ရာသီဥတုအခြေအနေကတော့ မိုးရာသီပီသစွာ ရန်ကုန်မှာ မနက်စောစောအချိန်မှစပြီး မိုးတွေ ရွာနေပါတယ်။ အပြန်မှာလည်း ရွာတာပဲ။

မနေ့ည ရေဒီယိုက မိုးလေဝသ သတင်းမှာလည်း ရန်ကုန်မြို့တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမယ်လို့ ပြောကြားသွားပါတယ်။ မှန်တယ်ခင်ဗျ။

နံနက် ၅ နာရီလောက်တည်းက သဲသဲမဲမဲရွာနေတဲ့ မိုးဟာ ကျွန်တော်တို့ တိုက်ကြီးမြို့နယ် သရက်ချောင်းရွာ ရောက်တဲ့အထိ ရွာနေဆဲပါပဲ။ မိုးရေထဲမှာ စာပေဗိမာန်ရှေ့ Air Con ခရီးဝေးသွား ဘတ်စ်ကားကြီးပေါ် စာအုပ်ထုပ်တွေကို ကျွန်တော်တို့ မိုးမစိုအောင် ဝိုင်းဝန်းပြီး ဂရုတစိုက်တင်ခဲ့ရပါတယ်။ စာအုပ်တွေက တန်ဖိုးငွေကျပ် ၁၂ သိန်းဖိုးလောက် ရှိပါမယ်။ ဗဟိုအလုပ်အမှုဆောင်တွေရဲ့ ကိုယ်ပိုင်လှူဒါန်းကြတာတွေရော၊ အချို့အလှူရှင်များက မြန်မာနိုင်ငံ စာပေနဲ့စာနယ်ဇင်းအဖွဲ့သို့ အခုလို လှူဒါန်းနိုင်အောင် ပေးပို့လာတဲ့ စာအုပ်တွေ၊ ဂျာနယ်အဟောင်း၊ မဂ္ဂဇင်းဟောင်းတွေရော စုပေါင်းလိုက်တော့ အထုပ်အပိုးက မနည်းလှပါဘူး။

အဟောင်းဆိုပေမယ့်လည်း ဒီနှစ်ထဲမှာထွက်တဲ့ စာနယ်ဇင်းတွေဆိုတော့ မဖတ်ရသေးတဲ့သူတွေအတွက် အသစ်စက်စက်တွေပေါ့ခင်ဗျာ။ ကျေးလက်တောရွာတွေအဖို့ ဝယ်ယူရမယ်ဆိုရင် တစုတစည်းတည်း အခုလို ကျပ်ဆယ်သိန်းကျော်ကျော် စာအုပ်စာတမ်းတွေရဖို့ရာ မလွယ်ကူနိုင်ပါဘူး။

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကြီးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုတဲ့အနေနဲ့ စာအုပ်တွေ သွားရောက်ပေးပို့လှူဒါန်းခဲ့တာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံကျော်စာရေးဆရာတွေ၊ သတင်းစာဆရာတွေကိုယ်တိုင် ကျေးလက်တောရွာက စာဖတ်သူတွေအတွက် စာကြည့်တိုက်ကိုရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ချင်လာအောင်၊ စာဖတ်တဲ့ အလေ့အထရှိလာအောင် တွေ့ဆုံဟောပြော ဆွေးနွေးပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကြီးရဲ့ ရည်ရွယ်ချက်ဟာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တည်ထောင်ပြီးဖြစ်တဲ့ ကျေးရွာစာကြည့်တိုက်တွေကို စံ(၅)ရပ်နဲ့ညီပြီး ရေရှည်တည်တံ့ခိုင်မာအောင် ပံ့ပိုးမြှင့်တင် ဆောင်ရွက်ပေးသွားနိုင်ဖို့ ဖြစ်ပါတယ်။ ဖောင်ဒေးရှင်းရဲ့ အခြေခံမူဝါဒကိုက အမျိုးသားရေးနဲ့ အမျိုးသားအကျိုးစီးပွားကို အခြေခံ ဆောင်ရွက်ရန်ဖြစ်တဲ့အတွက် လေးနက်ကျယ်ပြန့်လှပါတယ်။ ကျေးလက်ပြည်သူတွေ စာပေဖတ်ရှုလေ့လာလိုစိတ်နဲ့ စာဖတ်တဲ့အလေ့အထ ပိုမိုစွဲမြဲတိုးတက်လာစေဖို့အတွက် ဖောင်ဒေးရှင်းရဲ့အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများရဲ့အား၊ စာပေနဲ့ စာနယ်ဇင်းလောကသားများရဲ့ အားဆိုတဲ့ အားသုံးအားနဲ့ ဖော်ဆောင်သွားရမှာ ဖြစ်ပါတယ်။

ဖောင်ဒေးရှင်းအနေနဲ့ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွေ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေဖို့ စာအုပ်စာစောင်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ အဆောက်အအုံနဲ့ ပရိဘောဂများ မတည်ထောက်ပံ့ပေးခြင်း၊ ကျေးလက်ပြည်သူများအတွင်း စာဖတ်ဝါသနာနဲ့ စာဖတ်တဲ့အလေ့အထ ပြန့်ပွားစွဲမြဲခိုင်မာလာအောင် စာပေပညာရှင်များကွင်းဆင်းပြီး စာပေပြိုင်ပွဲများ၊ ဟောပြောဆွေးနွေးမှုများ၊ ပျိုးထောင် မြေတောင်မြှောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ယခုခရီးစဉ်ကလည်း ဖောင်ဒေးရှင်းရဲ့ အဲဒီလုပ်ငန်းစဉ်များနဲ့ ဆက်စပ်နေတဲ့ စာပေနဲ့ စာနယ်ဇင်းလောကသားများရဲ့ လှုပ်ရှားမှု တစ်ရပ်ပဲဖြစ်ပါတယ်။

ဖောင်ဒေးရှင်းရဲ့ ရန်ပုံငွေရှာဖွေမယ့်နည်းက လူထုအခြေခံ ရန်ပုံငွေရှာနည်းကို ကျင့်သုံးသွားမှာဖြစ်ပြီး နောင်အနာဂတ်မှာ ပြည်နယ်၊ တိုင်းဒေသကြီးနဲ့ မြို့နယ်အဆင့် ဖောင်ဒေးရှင်းများအထိပါ တိုးချဲ့ဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်။ ဒါကြောင့် အဲဒီအမျိုးသားရေးတာဝန်ဖြစ်တဲ့ ကျေးရွာစာကြည့်တိုက်များ ထူထောင်ခြင်းနဲ့ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကျွန်တော်တို့စာပေနဲ့ စာနယ်ဇင်းလောကသားများက တစ်တပ်တစ်အား ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်းပါ။

ရန်ကုန်နဲ့တိုက်ကြီး မိုင် ၄၀ လောက်ခရီးပေမယ့် သရက်ချောင်းကျေးရွာကတော့ ရန်ကုန်-ပြည်လမ်းမကြီးမှ တိုက်ကြီးမြို့မရောက်ခင် နှစ်မိုင်လောက်အလိုမှာ အနောက်ဘက်သို့ကွေ့ဝင်ပြီး မြေလမ်းကြမ်း နှစ်မိုင်လောက် ခရီးဆက်ရပါသေးတယ်။

အိမ်ခြေ ၅၀၀ လောက်ရှိတဲ့ သရက်ချောင်းစံပြရွာကြီးဟာ လှိုင်မြစ်ရဲ့အရှေ့ဘက်ကမ်းမှာ ကပ်လျက်တည်ရှိနေတဲ့ရွာပါ။ ရှေးဘုန်းကြီးကျောင်း အဆောက်အအုံကြီးနဲ့၊ ဘုရားတွေနဲ့၊ သက်တော် (၉၃) နှစ် ဝါတော် (၇၂) ဝါရှိတဲ့ ဆရာတော်ကြီး ကျောင်းထိုင်တဲ့ လယ်သမားရွာကြီးပါ။

ပတ်ဝန်းကျင် တစ်မျှော်တစ်ခေါ်မှာတော့ ကြည့်ပါဦး၊ မြကမ္ဗလာ အစိမ်းရောင်ဖုံးထားသလို စပါးခင်း၊ လယ်ကွင်းပြင်တွေ မျက်စိတစ်ဆုံးပေါ့လေ။ ရောက်တော့ ဘုန်းကြီးကျောင်းမှာရုံကြီးထဲမှာ ရွာသူရွာသားတွေ အဆင်သင့်စုရုံးရောက်ရှိနေကြပါပြီ။

၉ နာရီခွဲလောက်ကနေပြီး ၁၀ နာရီခွဲအထိ ကျွန်တော်တို့ စာရေးဆရာတွေနဲ့ ကျေးရွာလူထု စာအကြောင်း ပေအကြောင်းတွေ ရင်းရင်းနှီးနှီး ဆွေးနွေးပြောဆိုကြပါတယ်။

ဆရာမနုသကျော်ဝင်းက **"ပညာအလင်း"**ဆိုတဲ့ ခေါင်းစဉ်နဲ့ အသိပညာရဲ့ စွမ်းအားကြီးမားပုံကို ပုံပြင်သာဓကတွေနဲ့ စိတ်ဝင်စားဖွယ် ဟောပြောပါတယ်။ လူကြီးလူငယ်၊ ကလေးသူငယ်ရော အရွယ်စုံပါတဲ့ ကျေးရွာလူထုက ဂရုတစိုက်နားထောင်ကြပါတယ်။

ဆရာလယ်တွင်းသားစောချစ်က **"ကျေးရွာစာကြည့်တိုက်များရှင်သန်ရေး"** အကြောင်း ဟောပြောပါတယ်။ ဆရာက တကယ့်အဟောအပြောကောင်း ပုဂ္ဂိုလ်မဟုတ်လား၊ ပရိသတ်ကို နားဝင်အောင် ပြောနိုင်ပါပေရဲ့။

ပြီးတော့ ရပ်သူရွာသားတွေ မေးမြန်းကြတဲ့ မေးခွန်းတွေကို သတင်းစာဆရာ၊ ကဗျာဆရာတို့က ဖြေကြားရှင်းလင်းကြပါတယ်။ ကျေးရွာလူထုနဲ့ စာရေးဆရာတွေ နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီးဆွေးနွေးကြတာ အားရစရာ အားတက်စရာပါပဲ။ တန်ဖိုးကြီးမားတဲ့ အတွေ့အကြုံပါ။

ဆက်လက်ပြီး စာကြည့်တိုက်ကို သွားကြပါတယ်။ စာကြည့်တိုက်မှာ စာအုပ်တွေ လှူဒါန်းခဲ့ပါတယ်။ မြန်မာနိုင်ငံ စာပေနဲ့စာနယ်ဇင်းအဖွဲ့ဗဟိုမှ ဥက္ကဋ္ဌနဲ့ အမှုဆောင်များ စာကြည့်တိုက်ဖွံ့ဖြိုးရေးအတွက် ဗွေဆော်ဦး ကွင်းဆင်းစည်းရုံးတဲ့ ဟောဒီတိုက်ကြီးမြို့နယ် သရက်ချောင်း ကျေးရွာကတော့ ထူးထူးခြားခြား မှတ်တမ်းတင်ရမယ့် ကျေးရွာပါပဲ။ ဒီကနေ့စိုက်ပျိုးလိုက်တဲ့ စာဖတ်သူတိုးပွားရေး၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်အောင်မြင်ရေး မျိုးစေ့ဟာ နောင်ဆယ်နှစ်ကာလလောက် ကြာတဲ့အခါ အပင်တွေကြီး၊ အသီးတွေအပွင့်တွေ ဝေဆာ၊ ကောင်းကျိုးအဖြာဖြာ သီးပွင့်လာမယ်ဆိုတာ ကျွန်တော်ယုံကြည်မိပါတယ်။

ကျွန်တော်တို့တစ်တွေ သရက်ကုန်းကျေးရွာမှ နှုတ်ဆက်ထွက်ခွာပြီး တိုက်ကြီးမြို့မှာ ထမင်းစားကြပါတယ်။ ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာဝင်စားပြီးတော့ မှော်ဘီမြို့နယ် ရန်ကုန်-ပြည်ကားလမ်းမပေါ်က ကုလားကုန်း ကျေးရွာသို့ ခရီးဆက်ခဲ့ပြန်ပါတယ်။

ကျေးရွာစာကြည့်တိုက်အနီးမှာရှိတဲ့ ဘုန်းကြီးကျောင်း ဓမ္မာရုံမှာပဲ ရွာသူရွာသား၊ လူကြီးလူငယ်များစုဝေးပြီး စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာတွေနဲ့ တွေ့ဆုံကြပါတယ်။

တကယ်တော့ စာပေဟောပြောပွဲလည်းမဟုတ်၊ စာပေဆွေးနွေးပွဲရက်လည်းမဟုတ် စာကြည့်တိုက်များ ရှင်သန်ရေးအတွက် စာဖတ်သူတိုးပွားရေး လှုံ့ဆော်စည်းရုံးကြတဲ့ ခရီးစဉ်တစ်ခုပါ။ ဖတ်စရာစာအုပ်တွေလည်း လှူဒါန်းပေးဝေ၊ စာဖတ်ခြင်းအလေ့အထရှိကြပါမှ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ လူမျိုး၊ အသိပညာအမြော်အမြင်၊ ဗဟုသုတပြည့်ဝလာပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အစစအရာရာ ဘက်စုံတိုးတက်ဖွံ့ဖြိုးလာကြရမှာ မဟုတ်လား။

ကျောင်းသင်ပညာမျှနဲ့ ဘဝအတွက် မလုံလောက်ကြတော့ပါ။ ကျောင်းပြင်ပ ပညာရေးမှာ ကျေးရွာစာကြည့်တိုက်များက အရေးပါလှပါတယ်။ လူကြီးလူငယ်မရွေး စာပေဖတ်ရှုကြတဲ့အလေ့အထ၊ စာဖတ်တဲ့အလေ့အကျင့်ရှိလာကြရင်ဖြင့် ခေတ်မီတဲ့အတွေးအမြင်တွေ ရလာကြမယ်။ တစ်ဦးချင်းရဲ့ ဘဝအရည်အသွေး၊ ဘဝအဆင့်အတန်း မြင့်မားလာကြတာနဲ့အမျှ တိုင်းပြည် တစ်ပြည်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုလည်း မလွဲမသွေ ပြည့်စုံလာပေမှာ မဟုတ်လား။ ထင်ထင်ရှားရှား မြင်နေကြပြီးသားပါ။

အဲဒီရွာမှာ ဆရာကြီးချစ်ဆိုင်းက **"ကျေးလက်နဲ့စာပေ"** အကြောင်းဟောပြောပါတယ်။ ကျွန်တော်က **"စာဖတ်ခြင်းရဲ့အကျိုးကျေးဇူး"** ကို ပြောပါတယ်။

စာဖတ်ခြင်းကြောင့်ရတဲ့ ကျေးဇူးကိုပြောပြရာမှာ ဦးစွာပထမ မင်းဘူးခရိုင် စလင်းမြို့နယ် တောင်ဘိုကြီးကျေးရွာမှ မောင်သန်းဝင်းဆိုတဲ့ ဆင်းရဲသားလူငယ်တစ်ယောက်အကြောင်း ပြောပြပါတယ်။ မြေတူး၊ အလုပ်ကြမ်းလုပ်၊ အောက်ခြေသိမ်းလုပ်၊ မန္တလေးတက်လာ၊ ဆံပင်ညှပ်သမား အခြေခံမူလတန်းလောက်ပဲ အောင်ခဲ့ပေမယ့် စာပေလေ့လာဖတ်ရှုပြီး မိမိကိုယ်ကို မြှင့်တင်ပျိုးထောင်တော့ ယခုအခါ မန္တလေးမြို့မှာ သိန်းပေါင်းများစွာချမ်းသာတဲ့ အအေးခန်းဆံသဆိုင် လုပ်ငန်းရှင်တစ်ဦး ဦးသန်းဝင်းဖြစ်လာပုံ။ စာဖတ်ရင် ဘဝကမြင့်သွားတာကိုး။

ဟင်္သာတမြို့နယ် ဝဲကြီးရွာက ဆင်းရဲသားလေး မောင်ထိန်လင်းဟာ အဝတ်တစ်စုံ ကိုယ်တစ်ခုနဲ့ ရန်ကုန်တက်လာ အလုပ်ရှာ၊ ပညာက အခြေခံပညာ အလယ်တန်းဆိုတော့ ညစောင့်၊ သန့်ရှင်းရေး၊ ကုန်တင်ကုန်ချ၊ ကားစပယ်ယာ ဘာပဲဖြစ်ဖြစ် ကိုထိန်လင်းက စာဖတ်တယ်။ စာဖတ်တဲ့ အလေ့အကျင့်ရှိတဲ့လူဟာ ကိုယ့်ဘဝကို အသိအမြင်နဲ့ ပြုပြင်ထူထောင်တတ်တယ်။ ယာဉ်နောက်လိုက်မှ အရန်ဒရိုင်ဘာ၊ ဒရိုင်ဘာ၊ ဝပ်ရှော့ပိုင်ရှင်၊ ကားစက်ပြင်ရုံပိုင်ရှင်၊ ကားဘော်ဒီများ ထုတ်လုပ်သူ၊ ကားတွေဆင်ပြီးထုတ်လုပ်တဲ့ လုပ်ငန်းရှင်နဲ့ စက်မှုလုပ်ငန်းရှင်ကြီး ဖြစ်နေပြီ။

ဇာတိရွာမှာ စာကြည့်တိုက်ကြီး ထူထောင်လှူဒါန်း၊ ဘုရား၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်လှူဒါန်း။ သူချမ်းသာတာ စာဖတ်လို့ပါတဲ့။ ရွာကလူငယ်တွေ စာဖတ်ကြစေချင်လို့ စာကြည့်တိုက်လည်း ဆောက်ပြီး လှူထားတယ်။စာဖတ်ကြစမ်းပါ။ ဘဝဟာအဆိုးမှ အကောင်း၊ အဟောင်းမှအသစ်၊ အနိမ့်မှအမြင့်၊ ဆင်းရဲရာမှချမ်းသာရာသို့ ပြောင်းလဲနိုင်တယ်။

အမေရိကန်ပြည်ထောင်စု နီဂရိုးမုဆိုးမ တစ်ယောက် တစ်နေ့တစ်နေ့ အိမ်ရှစ်အိမ်လောက်မှာ ကြမ်းတိုက်၊ အဝတ်လျှော်၊ ကလေးထိန်း၊ ခွေးစာကျွေး အစေခံလုပ်မှ ထမင်းမဝတဝစားရရှာတယ် ဆင်းရဲသူမ။ သားလူမည်းကလေး သုံးယောက်ကို စာကြည့်တိုက်ခေါ်သွားပြီး စာဖတ်ကြ သားတို့တဲ့။

ငါ အိမ်ရှစ်အိမ် အလုပ်ကြမ်းလုပ်ရတဲ့ အိမ်ရှင်တွေမှာ စာအုပ်တွေအများကြီးနဲ့ ကိုယ်ပိုင်စာကြည့်တိုက်ရှိကြတယ်။ ငါတို့လူမဲ့ရပ်ကွက်က အိမ်တွေမှာ စာအုပ်တစ်အုပ်မှ မရှိကြလို့ မွဲတာ၊ ဆင်းရဲတာတဲ့။

"စာအုပ်တွေရှိမှ ချမ်းသာနိုင်တယ်။ စာဖတ်မှသာ ဆင်းရဲနိမ့်ကျခြင်းမှ လွတ်ကင်းမယ်" ဆိုတဲ့ နီဂရိုးမုဆိုးမ ပြောစကားဟုတ်ပါ့မလား။

သူ့သားသုံးယောက်က မအေပြောစကားကို နားထောင်ကြတယ်။ နေ့စဉ် စာကြည့်တိုက်သွားတယ်၊ စာအုပ်တွေဖတ်ကြသတဲ့။ စာဖတ်တဲ့ အလေ့အကျင့်စွဲသွားကြတယ်။ စာအုပ်တွေအများကြီး ဖတ်ဖြစ်ကြတာပေါ့။

နောက်ဆုံးတစ်နေ့ သားသုံးယောက်စလုံးဟာ ဆရာဝန်၊ ပါရဂူ၊ ဥပဒေပညာရှင်နဲ့ ဆီးနိုတ်လွှတ်တော်အမတ်တွေဖြစ်လာကြသတဲ့။ ဆင်းရဲသား လူမည်းကလေးငယ်တွေ ကြီးပွားထွန်းပေါက်ခဲ့ကြတာ စာကြည့်တိုက်ရဲ့ ကျေးဇူးပေါ့။ စာပေမှ စွမ်းအားပေါက်ဖွားစေတယ်။

စာဖတ်ခြင်းကရရှိတဲ့ ကျေးဇူးတရားတွေ၊ ကောင်းကျိုးတရားတွေဟာ မရေမတွက်နိုင်အောင်ပဲ များပြားလှပါတယ်။ ဒါတွေတင်ပြခွင့်ရခဲ့တာကို တွေးမိတိုင်း ပျော်တယ်။ စာဖတ်တဲ့အလေ့အထမြဲ ကြီးပွားအောင်မြင်ကြပါစေလို့ ဟောပြောခဲ့ပါတယ် ခင်ဗျာ။

တကယ်ဟုတ် မဟုတ် စမ်းကြည့်လိုက်စမ်းပါ။

ဘယ်သူမဆို ကျွန်တော်အစီရင်ခံတာ ဟုတ် မဟုတ်၊ မှန် မမှန် လက်တွေ့စမ်းသပ်စစ်ဆေးကြည့် ကြစေလိုပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ။

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်-ပြည်လမ်းနှင့် ရွာမလမ်းထိပ် မြေယာရှင်းလင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းထိုက် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မရမ်းကုန်းမြို့နယ် (၈)မိုင် မောရဂတီလမ်းနေ ဦးသက်အောင်ချို၏ (၂၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းဒေသာပင်၊ ဆေးဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ဈေးကော်မတီဝင်များ လိုက်လံရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မကွေးစက်မှုနယ်မြေနှင့် ပန်းတောင်းစက်မှုနယ်မြေတို့ရှိ စက်ရုံများ ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၁

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် စက်တင်ဘာ ၁၈ ရက်တွင် မကွေးစက်မှုနယ်မြေ၌ တည်ဆောက်လျက်ရှိသည့် Heavy Turbo Truck စက်ရုံ၊ Transmission Plant နှင့် Automobile Training Centre (မကွေး)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် စက်တင်ဘာ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပန်းတောင်းစက်မှုနယ်မြေရှိ Automobile Manufacturing Parts အလုပ်ရုံ(ဆင်တဲ)၌ ထုတ်လုပ်မှုများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်(ပြည်ဘဏ်ခွဲ)၏ လုပ်ငန်းလည်ပတ်မှု အခြေအနေကို လည်းကောင်း၊ အမှတ်(၁) စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)၏ ထုတ်လုပ်မှုအခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် စက်ရုံအသီးသီး၏ ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးသုံးစွဲမှုများကို စစ်ဆေးခဲ့ပြီး ဝန်ထမ်းအိမ်ရာများနှင့် ဝန်ထမ်းရိပ်သာများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ပန်းတောင်းစက်မှုနယ်မြေရှိ Automobile Manufacturing Parts အလုပ်ရုံ(ဆင်တဲ)၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ရွှေပြည်သာမြို့နယ်ရှိ နယ်မြေခံတပ်ရင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

Myanmar Book Centre MONSOON SALES !! ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၁

Myanmar Book Centre ၏ မိုးရာသီ စာအုပ်ဈေးရောင်းပွဲတော်ကို စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၃ ရက် အထိ ကျင်းပမည်ဖြစ်သည်။

"MONSOON SALES" အစီအစဉ်တွင် Customers များအနေဖြင့် အကျိုးကျေးဇူး သုံးမျိုး ရရှိမည်ဖြစ်သည်။ ပထမတစ်ခုမှာ Members များအား ၁၅ ရာခိုင်နှုန်း Discount နှင့် Non-members များအား ၁၀ ရာခိုင်နှုန်း Discount ပေးသွားမည် ဖြစ်သည်။ ဒုတိယတစ်ခုမှာ ကျပ် ၅၀၀၀ ဖိုး ဝယ်ယူသူတိုင်းအား Gift Book တစ်အုပ်စီ လက်ဆောင်ပေးသွားမည် ဖြစ်သည်။ Gift Book များမှာ Readers, Reference Books (eg, Dictionary & Encyclopedia), General Knowledge Books, Fiction / Non-fiction, Self- Development Books, Art & Science Books များ များစွာပါဝင်ကြောင်း သိရှိရသည်။

ထို့ပြင် အထူးအစီအစဉ်အဖြစ် အထူးဈေးနှုန်းသက်သာသော စာအုပ်များကို Clearance Sales အဖြစ် ရောင်းချပေးသွားမည်ဖြစ်သည်။ Clearance Sales အဖြစ် ရောင်းချမည့်စာအုပ်များတွင် Higher Academic စာအုပ်များ၊ Reference စာအုပ်များ၊ Children စာအုပ်များ၊ English Language Teaching စာအုပ်များ စုစုပေါင်း ဘာသာရပ်ပေါင်း ၂၀ ကျော်၊ စာအုပ်ပေါင်း ၁၀၀၀၀ ကျော်ကို ရောင်းချပေးသွားမည် ဖြစ်သည်။ Clearance Sales တွင် ရောင်းချမည့် ဈေးနှုန်းများမှာ ကျပ် ၃၀၀၀၊ ကျပ် ၅၀၀၀ နှင့် ကျပ် ၁၀၀၀၀ ဖြင့်သာ ရောင်းချမည်ဖြစ်၍ စာအုပ်ကောင်းများအား အထူးဈေးနှုန်းသက်သာစွာဖြင့် ရရှိမည့် အစီအစဉ်ဖြစ်သည်။

"MONSOON SALES" အစီအစဉ်ကို Myanmar Book Centre ၏ Outlets များဖြစ်သော ဆိုင် (၁) အမှတ် (၅၅) ဗဟိုလမ်း ဗဟိုလမ်းနှင့် အလုံလမ်းထောင့် အလုံမြို့နယ် ရန်ကုန်မြို့၊ ဆိုင် (၂) အမှတ် (၅၆၁-၅၆၇) အခန်း (၃) မြေညီထပ် MAC Tower (1) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိနှင့် မန္တလေးဆိုင်ခွဲဖြစ်သော Room (429), Level -4 , 78 Shopping Centre, မန္တလေးဆိုင်တွင် နံနက် ၉ နာရီမှ ည ၉ နာရီအထိ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းမှာကြား

ရန်ကုန် စက်တင်ဘာ ၂၁

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီသည် စက်တင်ဘာ ၁၅ ရက်တွင် လွိုင်ကော်မြို့ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ လွိုင်ကော်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များအား တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ခန္ဓသုတ်၊
ဝဋ္ဋသုတ်၊ မောရသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ "တရားဦးဓမ္မစကြာ"တရားတော်
(အပိုင်း-၆) (ဆရာတော်
အရှင်ပညာသီဟာဘိဝံသ)
၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"လောကဝက်ပါ" (အပိုင်း-၂၁)
၇:၃၀ MRTV-4 သတင်း
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၁၁၅)
၈:၄၀ Industrial Talk
၉:၁၀ မြို့အလှဂုဏ်ကြွယ်. . .
ရိုးရာစားဖွယ်
၉:၂၀ လင်းလက်ကြယ်ပွင့်တို့နှင့်
ယနေ့ကျန်းမာရေး(အပိုင်း-၂)
(ပါမောက္ခဒေါက်တာ
ချယ်ရီသန်းသန်းတင်၊တင်မိုးလွင်၊
ဝတ်မှုန်ရွှေရည်၊
စိုးပြည့်သဇင်၊ဂျင်းနီ)
၉:၄၀ အားကစားမြင်ကွင်းစုံ
(ဒါရိုက်တာကိုပေါက်၊ ဟက်ကက်၊
မြတ်သူရ)
၁၀:၀၀ Activities In The City
-သရုပ်ဆောင်သစ်ကျော်ကျော်
ဗီဒီယိုဇာတ်ကားများမိတ်ဆက်ပွဲ
-အေးငြိမ်းချမ်းသာအောင်ဘာလေ
ထီဆိုင်၏ သိန်း(၅၀၀)အပိုဆုနှင့်
နှစ်ပတ်လည်အခမ်းအနား
၁၀:၃၅ ဓာတ်ပုံထဲမှအမှတ်တရများ
(အကယ်ဒမီများရှင်ဝါဝါဝင်းရွှေ၏
ဓာတ်ပုံထဲမှအမှတ်တရများ)
(အပိုင်း-၁)
၁၁:၀၀ သင်ယူလေ့လာ ဂီတပညာ
[Live Sound Reinforcement
Module; 01 (Speakers)]
၁၁:၃၀ ရွှေချယ်စုံစုံရင်သွေးရိပ်မြုံ
(Horizon International
Kindergarten Shwe Hinn
Thar Compus)
၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅ ဂီတသရုပ်ပြခန်း
(သို-ဂန္ထဝင်စကား)
၁၂:၅၅ ခရီးတစ်ထောက်နားခိုစရာ
၁:၀၀ "တရားဦးဓမ္မစကြာ"တရားတော်
(အပိုင်း-၆) (ဆရာတော်
အရှင်ပညာသီဟာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း
(ယောက္ခမနှင့် အတူနေတာ
ကောင်းတယ်၊
ယောက္ခမနှင့် အတူမနေတာ
ကောင်းတယ်)
၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"လောကဝက်ပါ" (အပိုင်း-၂၁)
၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၁၁၅)
၄:၄၀ Activities In The City
-သရုပ်ဆောင်သစ်ကျော်ကျော်
ဗီဒီယိုဇာတ်ကားများမိတ်ဆက်ပွဲ
၄:၅၅ အလှနုဖြာ အကမုဒြာ. . .
ပဒေသာယိမ်းအက
(ရန်ကုန်ပန်တျာကျောင်း)
၅:၀၀ သီချင်းကောင်းကောင်း
သီချင်းတောင်း
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ သင်ကြားရေးလမ်းညွှန်
(THE SPACE YOGA &
DANCE STUDIO)
၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"လောကဝက်ပါ" (အပိုင်း-၂၂)
၇:၂၀ Cartoon Show Time
(The Missing Lynx)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဂီတသရုပ်ပြခန်း
(သို-ဂန္ထဝင်စကား)
၉:၁၀ Celebrity Style (ပပဝင်းခင်)
၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၁၁၆)
၁၀:၁၀ လင်းလက်ကြယ်ပွင့်တို့နှင့်
ယနေ့ကျန်းမာရေး(အပိုင်း-၂)
(ပါမောက္ခဒေါက်တာ
ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊
ဝတ်မှုန်ရွှေရည်၊
စိုးပြည့်သဇင်၊ဂျင်းနီ)
၁၀:၃၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
(မလိခလမ်းကသဘာဝတရားတွေ
လွှမ်းခြုံထားတဲ့အိမ်ကလေး)
၁၁:၀၀ Activities In The City
-အေးငြိမ်းချမ်းသာအောင်ဘာလေ
ထီဆိုင်၏ သိန်း(၅၀၀)အပိုဆုနှင့်
နှစ်ပတ်လည်အခမ်းအနား
၁၁:၁၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဝေမိုး)
၁၁:၅၀ Industrial Talk
၁၂:၂၀ မြို့အလှဂုဏ်ကြွယ်. . .
ရိုးရာစားဖွယ်
၁၂:၃၀ World of Knowledge
(Interpol Investigate;
The Sepant)
၁:၂၀ "ရွှေဖြူ"ဟုခေါ်သည်(အပိုင်း-၂)
၁:၄၀ Box Office Movies
(Watch Men)
၂:၀၅ ကလေးများအတွက်အကောင်းဆုံး
(ရိဝေယံ၊ မင်းရာဇာ၊ အကယ်ဒမီ
ပန်းဖြူ၊ ကလေးသရုပ်ဆောင်
ဖြိုးသူရကျော်)
(ဒါရိုက်တာ-မင်းစိုးသီဟ)
၂:၂၅ Shooting Location
(ဦးမောင်မောင်ကြီးအိမ်)
၂:၄၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
(ရွှေရောင်ကြယ်ပွင့်ပျူမင်းသား)
၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၀ Mega Star Talk
(ခင်မောင်တိုးနှင့်တွေ့ဆုံခြင်း)
(အပိုင်း-၂)
၄:၂၅ ခရီးတစ်ထောက်နားခိုစရာ
၄:၃၅ မွန်တို့မြေမှ
ရှေးဟောင်းအမွေအနှစ်တို့
တည်ရှိရာ
၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၉ ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု (၂၂)မှုတွင် ရောင်းချသူ ၂၄ ဦးအား အနည်းဆုံးထောင်ဒဏ် (၂)နှစ်မှ အများဆုံးထောင်ဒဏ်(၃)နှစ်အထိ ပြစ်ဒဏ်ချမှတ် အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၀ ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာဆုချီးမြှင့်မည်။

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရခိုင်ပြည်နယ် မြေပုံမြို့ရှိ မြို့ပြနှင့် ကျေးလက်ဒေသဆက်သွယ်ရေး (PCO) မိုက္ကရိုတာဝါတိုင်ကိုတွေ့ရစဉ်။

*** ရွှေ့ဖုံးမှ**

ကေဘယ်လ်စီမံကိန်း (SMW3)၊ ခရော့စ်ဘားအိတ်ချိန်း အစားထိုးလဲလှယ်ခြင်းစီမံကိန်း၊ နယ်မြို့များတွင် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်များ တည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်း၊ ဂျီအက်စ်အမ်မိုဘိုင်းစနစ် တည်ဆောက်ခြင်းစီမံကိန်း၊ ပဲခူး၊ ထားဝယ်၊ တောင်ကြီး အော်တိုအိတ်ချိန်း တည်ဆောက်ခြင်းစီမံကိန်း၊ အဆင့်မြင့်ဆက်သွယ်ရေးစနစ်များ တပ်ဆင်ခြင်းစီမံကိန်း၊ ဆက်သွယ်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းစီမံကိန်း၊ Local/Transit အိတ်ချိန်း တည်ဆောက်ခြင်း၊ မြန်မာနိုင်ငံတွင် အီလက်ထရွန်နစ် နည်းလမ်းဖြင့် အစိုးရလုပ်ငန်းဆောင်တာများ ဆောင်ရွက်ခြင်းဆိုင်ရာစီမံကိန်း (Basic e-Government Project) ၊အထူးဖွံ့ဖြိုးရေးဇုန် စီမံကိန်း၊ မြန်မာနိုင်ငံဆက်သွယ်မှု ကွန်ရက်စနစ် တည်ဆောက်ခြင်း စီမံကိန်း၊ ဖိုင်ဘာကေဘယ်လ် တည်ဆောက်ခြင်းနှင့် ADSL စနစ် တပ်ဆင်ခြင်းစီမံကိန်း၊ မဲခေါင်ဒေသ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအမြန်ဆက်ကြောင်း တည်ဆောက်ခြင်းစီမံကိန်း၊ ပင်လယ်ပြင် ကမ်းနီးကမ်းဝေးဆက်သွယ်မှုစနစ်တည်ဆောက်ခြင်းစီမံကိန်း၊ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း၊ ရတနာပုံ တယ်လီပို့ကုမ္ပဏီလီမိတက် (Yatanarpon Teleport Co.,Ltd.)အမည်ဖြင့် အများနှင့် မသက်ဆိုင်သော မြန်မာကုမ္ပဏီ ဖွဲ့စည်း မှတ်ပုံတင်၍ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊စာပို့လုပ်ငန်းနှင့် ပတ်သက်၍ ပြည်တွင်းနှင့် ပြည်ပဆိုင်ရာ စာပို့လုပ်ငန်း စီမံကိန်းများ ဖြစ်သည်။

အဆိုပါစီမံကိန်းများ ဆောင်ရွက်သည်နှင့်တစ်ပြိုင်တည်း အဝေးဆက်သွယ်ရေးစနစ်၊ ပြည်ပဆက်သွယ်ရေးစနစ်၊ မြို့တွင်းဆက်သွယ်ရေးစနစ်၊ အင်တာနက်ဆက်သွယ်ရေးစနစ်၊ ကျေးလက်ဒေသ ဆက်သွယ်ရေးစနစ်များအတွက် ပြည်သူများသို့ တယ်လီဖုန်းလိုင်းများ တပ်ဆင်ပေးခဲ့ရာ ၁၉၈၈ ခုနှစ်တွင် တယ်လီဖုန်းရိုးရိုးလိုင်း အင်အား ၇၄၈၅၅ လိုင်းရှိရာမှ ၂၀၁၀ ခုနှစ် ဩဂုတ်လတွင် ဒစ်ဂျစ်တယ်တယ်လီဖုန်းလိုင်းအင်အား ၂၁၇၂၄၃၄ လိုင်းထိ တိုးတက်ခဲ့ပြီး ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ဒေသ၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် များစွာအထောက်အကူပြုလျက်ရှိသကဲ့သို့ နိုင်ငံတော်အတွက်လည်း တယ်လီဖုန်းတပ်ဆင်ခနှင့် ပြောဆိုခဝင်ငွေများ တိုးတက်ရရှိလျက်ရှိပေသည်။

ထို့အပြင် အခြားဆက်သွယ်မှုလုပ်ငန်းများလည်း တိုးတက်လျက်ရှိရာ တစ်ဖက်ပါအတိုင်း တွေ့ရှိရသည်-

ဘိုကလေးမြို့တာဝါတိုင်

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ရှိ မြို့ပြနှင့် ကျေးလက်ဒေသဆက်သွယ်ရေး (PCO) CDMA-450 စခန်းနှင့် တာဝါတိုင်ကို တွေ့ ရစဉ်။

(ဤတာဝါတိုင်များကဲ့သို့ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင်လည်း တပ်ဆင်ထားပြီးဖြစ်ပါသည်။)

စဉ်		အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈ခုနှစ်	၁-၇-၂၀၁၀	တိုးတက်မှု
၁		အဝေးဆက်သွယ်ရေးဆက်ကြောင်းများ				
	၁	ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း	မိုင်	-	၈၄၇၀	၈၄၇၀
	၂	ပြည်ပရေအောက်ကေဘယ်လ်ဆက်သွယ်ရေးချယ်နယ်	ခု	-	၁၈၁၅	၁၈၁၅
	၃	ကုန်းတွင်းနယ်စပ်ဖြတ်ကျော်ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း	ခု	-	၁၁၉၇	၁၁၉၇
	၄	ပြည်ပဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း	ခု	၁	၂	၁
	၅	ပြည်ပဂြိုဟ်တုဆယ်သွယ်ရေးချယ်နယ်	ခု	၂၆	၈၀၄	၇၇၈
	၆	ဒစ်ဂျစ်တယ်မိုက္ကရိုဆက်ကြောင်း	စခန်း	-	၃၀၂	၃၀၂
	၇	အင်နာလော့မိုက္ကရိုဆက်ကြောင်း	စခန်း	၇၁	-	ဒစ်ဂျစ်တယ်ပြောင်း
	၈	ကယ်ရီယာ	စခန်း	၁၂၄	-	ဒစ်ဂျစ်တယ်ပြောင်း
၂		တယ်လီဖုန်းလုပ်ငန်းများ	လိုင်း	၇၄၈၅၅	၂၁၇၂၄၃၄	၂၀၉၇၅၇၉
		လိုင်းအင်အား	လိုင်း	၇၄၈၅၅	၈၆၆၀၈၄	၇၉၁၂၂၉
	၁	အော်တိုတယ်လီဖုန်းလုပ်ငန်းများ				
	-	ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း	လိုင်း	၁၂၀၀၀	၈၀၄၁၈၄	၇၉၂၁၈၄
	-	အင်နာလော့အော်တိုတယ်လီဖုန်း	လိုင်း	၄၆၄၀၀	-	ဒစ်ဂျစ်တယ်ပြောင်း
	-	လက်လှည့်တယ်လီဖုန်း	လိုင်း	၁၆၄၅၅	၃၆၀၅၇	၁၉၆၀၂
	-	ARTS ရေဒီယိုတယ်လီဖုန်း	လုံး	-	၃၈၅၆	၃၈၅၆
	-	CDMA(Fixed) တယ်လီဖုန်း	လုံး	-	၂၀၀၃၈	၂၀၀၃၈
	-	DECT တယ်လီဖုန်း	လုံး	-	၁၉၄၉	၁၉၄၉
	၂	မိုဘိုင်းတယ်လီဖုန်းလုပ်ငန်း	လုံး	-	၁၃၀၆၃၅၀	၁၃၀၆၃၅၀
	-	GSM မိုဘိုင်းဖုန်း	လုံး	-	၄၉၄၃၀၀	၄၉၄၃၀၀
	-	CDMA မိုဘိုင်းဖုန်း(ယာဉ်တင်)	လုံး	-	၅၄၅၆၅၀	၅၄၅၆၅၀
	-	WCDMA မိုဘိုင်းဖုန်း	လုံး	-	၂၈၀၀၀	၂၈၀၀၀
	-	D-AMPS တယ်လီဖုန်း	လုံး	-	၃၈၄၀၀	၃၈၄၀၀
	-	CDMA 800 WLL မိုဘိုင်းဖုန်း	လုံး	-	၁၅၀၀၀၀	၁၅၀၀၀၀
	-	Mc WLL တယ်လီဖုန်း	လုံး	-	၅၀၀၀၀	၅၀၀၀၀
	၃	တယ်လီဖုန်းရုံးများ	ရုံး	၂၄၅	၉၁၄	၆၆၉
	-	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ရုံး	၁၂	၃၇၅	၃၆၃
	-	အင်နာလော့အော်တိုအိတ်ချိန်း	ရုံး	၂၂	-	ဒစ်ဂျစ်တယ်ပြောင်း
	-	လက်လှည့်အိတ်ချိန်း	ရုံး	၂၁၁	၃၀၆	၉၅
	-	ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	ရုံး	-	၂၃၃	၂၃၃
၃		တယ်လီဖုန်းသိပ်သည်းဆ(လူ ၁၀၀၀ လျှင်)		၁. ၉၂	၃၇. ၇၈	၃၅. ၈၆
၄		အီးမေးလ်အင်တာနက်	ခု	-	၁၂၀၀၆၀	၁၂၀၀၆၀
		ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်း	ခု	-	၁၇၇၃	၁၇၇၃
၅		(MPT Satellite Terminal)				
		ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးချယ်နယ်	ခု	-	၇၀၉၂	၇၀၉၂
၆		(MPT Satellite Terminal)				
		အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချယ်နယ်	ခု	၂၆	၃၈၁၆	၃၇၉၀
၇		စာတိုက်စခန်း	ခု	၁၁၁၄	၁၃၇၅	၂၆၁
၈		ကြေးနန်းရုံး	ရုံး	၃၁၀	၅၁၃	၂၀၃
၉		ဖက်စ်	ခု	၁၀	၅၃၈၅	၅၃၇၅
၁၀		ကွန်ပျူတာကြေးနန်း	ခု	-	၁၄၀	၁၄၀

ယင်းသို့ နိုင်ငံတော်၏ မြို့ပြဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် တစ်ပြိုင်တည်း ကျေးလက်ဒေသများတွင် နေထိုင်ကြသော ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဆက်သွယ်ရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဆက်သွယ်ရေးစနစ် (PCO-Public Call Office) ဖုန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဖြန့်ကြက်ဆောင်ရွက်ခဲ့သည်။

နေပြည်တော်တွင်လည်း CDMA-450 စနစ် မိုဘိုင်းဖုန်းများကို ၂၀၀၉ ခုနှစ် ဇွန်လမှစ၍ သုံးစွဲနိုင်ပြီဖြစ်သဖြင့် နေပြည်တော်တစ်ဝိုက် ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ၂၀၁၀ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဒေသဖွံ့ဖြိုးရေး CDMA- 450(PCO) ဖုန်းများ တည်ဆောက်တပ်ဆင်ပေးခဲ့သည်။ နိုင်ငံအဝန်း ကျေးလက်ဆက်သွယ်မှုကဏ္ဍတိုးမြှင့်ရေး (PCO) ဖုန်းများကို GSM နှင့် CDMA-450 မိုဘိုင်းစနစ်ဖြင့် စက်တင်ဘာလအထိ တပ်ဆင်ပြီးစီးမှုမှာ အောက်ပါအတိုင်းဖြစ်သည်-

စဉ်	ပြည်နယ်/တိုင်း	ကျေးလက်PCOစခန်း (GSM)	ကျေးလက်PCOစခန်း (CDMA-450)
၁	နေပြည်တော်	-	၆၀၃
၂	ကချင်ပြည်နယ်	-	၁၉၄၂
၃	ကယားပြည်နယ်	-	၁၀၅
၄	ကရင်ပြည်နယ်	-	၁၀၅
၅	ချင်းပြည်နယ်	-	၁၀၈
၆	စစ်ကိုင်းတိုင်းဒေသကြီး	-	၂၅၁၁
၇	တနင်္သာရီတိုင်းဒေသကြီး	-	၁၄၁၂
၈	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၅၆၅	၁၅၀
၉	ပဲခူးတိုင်းဒေသကြီး(အနောက်)	-	၂၀၈
၁၀	မကွေးတိုင်းဒေသကြီး	၂	၃၀၁၉
၁၁	မန္တလေးတိုင်းဒေသကြီး	၆၃၈	၆၂၀
၁၂	မွန်ပြည်နယ်	-	၂၇၄၄
၁၃	ရခိုင်ပြည်နယ်	-	၁၉၂
၁၄	ရန်ကုန်တိုင်းဒေသကြီး	-	၂၄၂
၁၅	ရှမ်းပြည်နယ်(တောင်ပိုင်း)	၄၃၁	၅၂
၁၆	ရှမ်းပြည်နယ်(မြောက်ပိုင်း)	-	၄၂၇
၁၇	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	-	၁၉၂
၁၈	ဧရာဝတီတိုင်းဒေသကြီး	၈၅၁	၃၄၀၀
		၂၄၈၇	၁၇၈၉၂
	စုစုပေါင်း	**၂၀၃၇၉**	

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် အထက်ပါအတိုင်း ကျေးလက်ဒေသ အများသုံးတယ်လီဖုန်း (PCO)များ အရှိန်အဟုန်ဖြင့် တပ်ဆင်ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ အဆင်ပြေလွယ်ကူနိုင်ရေးကို များစွာအထောက်အကူပြုလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နေပြည်တော်ရှိ မြို့နယ်၊ ရပ်ကွ

မြန်မာနိုင်ငံ အမျိုးသမီ
ပြုစုပျိုးထောင်ရေးလုပ်

နေပြည်တော်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်
ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့
ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘ
နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(
ရတနာမွန်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျ
ဒေါ်စိုးဝတ်ရည်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသ
နှင့် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ၊
ဥတ္တရသီရိမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့
၂၀၀ တို့ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ အမျ
စီစဉ်မှုဖြင့် အမျိုးသား စာပေဆုရ စာရေးဆရာ

မိတ္ထီလာမြို့နယ် ကျေးရွာကိုယ့်အာ
ရှင်သန်ခိုင်မာရေး စာအုပ်

ရန်ကုန် စက်တင်ဘာ ၂၁

မိတ္ထီလာမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် သုတ/ရသ စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၁၁ နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ကျေးရွာစာကြည့်တိုက်များ အတွက် ဦးရွှေဇင်လတ်၊ ဒေါ်စိန်စိန်မိသားစုက သုတ/ရသစာအုပ်မျိုးစုံ အုပ်ရေ ၂၀၀၊ ဦးသိန်းဟန် (လက်ထောက်ညွှန်ကြား

နေပြည်တော်ရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ (PCO) ဆက်သွယ်ရေး မိုက္ကရိုတာဝါတိုင်နှင့် စက်ခန်းကို တွေ့ရစဉ်။

ဂျိုင်း(ကော့ကရိတ်)နှင့် ဂျိုင်း(ဇာသပြင်)တံတား ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ကရင်ပြည်နယ် အင်ဂျင်နီယာမှူးကြီး လိုက်ပါလျက် စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်ဖြင့် ဂျိုင်း(ကော့ကရိတ်) တံတားသို့ ရောက်ရှိ၍ တံတားကြွံခိုင်မှု အခြေအနေနှင့် သံရက်မအဆက် (Joint)များ ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ ဂျိုင်း(ဇာသပြင်)တံတားသို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တံတားကြွံခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ခံ အင်ဂျင်နီယာများအား တံတားလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ဂျိုင်း(ကော့ကရိတ်) တံတားကြွံခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ဦးစီးကျင်းပသော အသိပညာပေး ဟောပြောပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ဦးစီးကျင်းပသော အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါ်ခင်မေစိုး၊ ဒေါ်စိုးဝတ်ရည်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းခိုင်နှင့် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသူ ၂၀၀ တို့ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ အမျိုးသမီးငယ်/ရွယ် လုပ်ငန်းအဖွဲ့ခွဲ၏ စီစဉ်မှုဖြင့် အမျိုးသား စာပေဆုရ စာရေးဆရာမ ဒေါ်ကြူကြူသင်းက "လူရည်မွန်၍ ထူးချွန်ပါစေ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ဖြူသန့်ပိုင်က "လင်းလက်တောက်ပ အနာဂတ်အလှ" ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ဖြူသန့်ပိုင်က နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ် ၁၅ သိန်း တန်ဖိုးရှိ Projector နှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းစိန်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ဦးစီးကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကို နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

အဆင့်မြင့်ဟိုတယ်သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၂၁

SANTINI International Training Academy က ပြည်တွင်းပြည်ပရှိ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ Shopping mall များ၊ ဟိုတယ်ကြီးများနှင့် အပျော်စီးသင်္ဘောများ၌ ဝင်ရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် လည်းကောင်း၊ မိမိ၏ ဘဝမြင့်မားရေးအတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအဖြစ်လည်းကောင်း ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ကွန်ပျူတာနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းများအနက် အလုပ်အကိုင်အခွင့်အလမ်း များစွာရှိသော အဆင့်မြင့်ဟိုတယ် သင်တန်းများဖြစ်သည့် Managing Front Office Operation, Managing Housekeeping Operation, Managing Food & Beverage Operation Course များမှာ လေးလကြာမြင့်မည်ဖြစ်ပြီး အခြေခံကာလတို တစ်လခွဲသင်တန်းများဖြစ်သော Front Desk Representative, Guestroom Attendant, Restaurant Server, Bartender & Arts of Mixology နှင့် IT သင်တန်းများအား ရုံးဝန်ထမ်းများ အဆင်ပြေစေရန် "ရုံးချိန်ပြင်ပ စာသင်ချိန်များ" အသွင်ဖြင့်လည်းကောင်း၊ ပုံမှန်သင်တန်းချိန်များ အဖြစ်ဖြင့်လည်းကောင်း ကျောင်းသားများ အဆင်ပြေစေရန် ဖွင့်လှစ်ပေးသွားမည်ဟု သိရှိရသည်။ သင်တန်းများကို အောက်တိုဘာလတွင် တစ်ပြိုင်နက်တည်း ဖွင့်လှစ်ပေးသွားမည်ဟု သိရှိရသည်။

သင်တန်းသားများ၏ အထူးခံစားခွင့်အနေဖြင့် အခမဲ့ဟိုတယ်သုံး အင်္ဂလိပ်စကားပြောသင်တန်း၊ IT course အင်တာနက်အသုံးပြုခွင့်နှင့် အရစ်ကျပေးသွင်းနိုင်သော စနစ်များလည်း ရရှိနိုင်သည်ဟု သိရှိရသည်။

Hospitality Diploma Courses for HK, FO and F & B ခြောက်လသင်တန်းများကို အောက်တိုဘာလတွင် စတင် သင်ကြားတော့မည်ဖြစ်ရာ စက်တင်ဘာ ၂၅ ရက်နှင့် အောက်တိုဘာ ၉ ရက်တို့တွင် New Ayer Hotel, 1st Floor, Santini Training Center ၌ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁နာရီထိ ကျင်းပမည့် ပညာရေးဆွေးနွေးပွဲများ၌ မိတ်ဆက်မည်ဖြစ်သည်။

City & Guilds ဘာသာရပ်များ စတင်သည့် အထူးအစီအစဉ်အနေဖြင့် သင်တန်းများအားလုံးကို ၂၀ ရာခိုင်နှုန်းလျှော့ဈေးအပြင် သင်တန်းသစ်တိုင်းအတွက် "Full Scholarship" ရရှိမည့် အခွင့်အရေးလည်း ရှိကြောင်း၊ အောက်တိုဘာ ပထမပတ်တွင် ဖွင့်လှစ်မည့် သင်တန်းသစ်များအတွက် ကျောင်းအပ်လက်ခံနေပြီ ဖြစ်ကြောင်း၊ သင်တန်းကျောင်းသို့ မည်သူမဆို လာရောက်လေ့လာရန်လည်း ဖိတ်ခေါ်ထားကြောင်း သိရသည်။

အသေးစိတ်စုံစမ်းလိုပါက အမှတ် (၁၇၀/ ၁၇၆) နယူးဧရာဟိုတယ် ပထမထပ် ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန် (အာလာဒင်ဂိမ်းစင်တာအနီး) Email: info@santinitraining.com, admin@santinitraining.com, website: www. santinitraining.com ဖုန်း-၃၈၃၇၇၃၉၊ ၃၈၃၇၄၀နှင့် ၂၅၆၉၃၈ ~ ၄၄ လိုင်းခွဲ ၈၅၅၅သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး စာအုပ်စာစောင်များ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၁

မိတ္ထီလာမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် သုတ/ရသ စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၁၁ နာရီတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ကျေးရွာစာကြည့်တိုက်များ အတွက် ဦးရွှေဇင်လတ်၊ ဒေါ်စိန်စိန်မိသားစုက သုတ/ရသစာအုပ်မျိုးစုံ အုပ်ရေ ၂၀၀၊ ဦးသိန်းဟန် (လက်ထောက်ညွှန်ကြားရေးမှူး၊ ကညန)က ဂျာနယ်မျိုးစုံ စောင်ရေ ၁၀၀ နှင့် ဦးအောင်တင် (သာစည်မြို့နယ် သတင်းထောက်)က လစဉ်ထုတ် မြတ်ပန်းရဂုံဘာသာရေး မဂ္ဂဇင်းစာအုပ် ၁၂ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်က လက်ခံသည်။အဆိုပါ စာအုပ်စာစောင်လှူဒါန်းပွဲတွင် အလှူရှင်များ လှူဒါန်းသော စာအုပ်စာစောင်များနှင့် ဂျာနယ်များ ၃၁၂ အုပ်၏ စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၆၅၀၀၀ဖြစ်သည်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေး၊ မိုးရာသီကာလတွင် မြို့ပေါ်ရှိ စက်ရေတွင်းများ ကောင်းမွန်စေရေးတို့အတွက် တွင်းမှုတ်ဆေးခြင်း၊ လျှပ်စစ်မီးလိုင်းများ စစ်ဆေးခြင်း၊ ရေကန်များ ပြန်လည်ဆေးကြောခြင်း ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မလေးရှားနိုင်ငံ Negerisembilan ၌ စက်တင်ဘာ ၁၇ ရက်မှ၂၃ ရက်အထိ ကျင်းပမည့် International Youth Conference and Cultural Exchange Camp အစီအစဉ်သို့ တက်ရောက်ရန်အတွက် မြန်မာ အမျိုးသမီး စီးပွားရေး စွမ်းဆောင် ရှင် များ အသင်းဝင် ဒေါ်ဝင်းအိခိုင်(Streamline Training-Learning Centre) စက်တင်ဘာ ၁၆ ရက်က ထွက်ခွာရာ အသင်းမှ အမှုဆောင် ဒေါ်ခင်သက်မော်နှင့် ဒေါ်ဇာဇာဌေးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးမောင်မောင်ဆွေအား UNDP ကိုယ်စားလှယ် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr.Bishow B. Para juli သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး မေခလာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက် တွေ့ဆုံ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၂၂-၉-၂၀၁၀

၆း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၆း၀၅	(တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော် ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ) မေ့မှုဗာတေးပဒေသာ
၆း၃၀	(၃၈)ဖြာမင်္ဂလာ
၆း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၈) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဂန္ထဝင်ရင်ခုန်သံ(၁၃)
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ချမ်းမြေ့ရိပ်ငြိမ်)
၁၂း၄၅	တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (ကော်ပြန့်စိမ်း)
၅း၁၀	Current Song
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၂၅)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၆း၂၀	ကျေးလက်ဇာတ်လမ်း (နောက်ပိုး)
၆း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၇း၁၅	အနုအလှအစုံစုံသူ့ဘဝအဖုံဖုံ (ဒေါ်သီတာဝင်း DOZO)
၇း၄၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၈း၂၀	တေးပဒေသာ
၈း၅၀	ကျန်းမာရေးရာသိကောင်းစရာ (ခရီးသွားစဉ် ဝမ်းပျက်ဝမ်းလျှောကင်းဝေးစေရန်) လူမှုရေးဦးတည်ချက်
၉း၀၀	ကာလပေါ်တူရိယာအဖွဲ့ ဖျော်ဖြေခန်း (ညမွှေးပန်းကာလပေါ်အဖွဲ့)
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၉း၅၉	အဖိတ်နေ့နှိုးဆော်ချက်
၁၀း၀၀	အစီအစဉ်ပြီး၏။

ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းသရုပ်ပြ

ရန်ကုန် စက်တင်ဘာ ၂၁

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲမှမဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန် ဆင့်ပွားရှင်းလင်းသရုပ်ပြပွဲကို စက်တင်ဘာ ၁၉ ရက်က အမက(၁၉)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်က ကော်မရှင်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ် လဝကဦးစီးမှူးကိုယ်စား (၄) ရပ်ကွက်ဆိုင်ရာ တိုက်နယ်မှူး ဒေါ်ယုယုနိုင်က မဲဆန္ဒရှင်များအတွက် မှတ်ပုံတင်လိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ (၄)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတက်ဖြိုးက ကော်မရှင်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဆန်ဆွန့်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ညှိနှိုင်းပြီး လက်တွေ့သရုပ်ပြသကြကြောင်း သိရသည်။ (၆၇)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၁

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆) အမှတ်(၃၇)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် "ရွေးကောက်ပွဲနှင့် တစ်သီးပုဂ္ဂလများ၏ အခန်းကဏ္ဍ" နိုင်ငံရေးသုံးသပ် မျက်နှာဖုံးဆောင်းပါး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ လင်းခေးမြို့နယ်(ရှမ်းပြည်နယ်မြောက်ပိုင်း) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုင်းလှကျော်(ပါတီအတွင်းရေးမှူး)နှင့် တွေ့ဆုံခြင်းအပါအဝင် ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဒီမိုကရေစီအင်အားတစ်ရပ်ဖြစ်ထွန်းရန် တစ်သီးပုဂ္ဂလအဖွဲ့နှင့် ဒီမိုကရက်တစ်ပါတီ(မြန်မာ)တို့ မဟာမိတ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းထုတ်ပြန်၊ အမည်ပယ်ဖျက်ခံရသည့် ကိုယ်စားလှယ်လောင်းများ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အယူခံဝင်နိုင်မည်ဟုဆို၊ ဆရာကြီးမောင်စူးစမ်းရေးသားသည့် "အစိုးရကောင်းနှင့် အတိုက်အခံကောင်း"၊ ဒေါက်တာနေဇင်လတ်ရေးသားသည့် "နိုင်ငံတစ်ခု အသွင်ကူးပြောင်းခြင်း(၂)"၊ ဆရာမောင်သာနုရေးသားသည့် "ကောင်းမွန်သောဂုဏ်ဒြပ်နှင့် ပြည့်စုံသောအစိုးရကို မျှော်လင့်သည်" စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ပုဂ္ဂလိကဘဏ်သစ်ကြီးနှစ်ခု ပထမဆုံးဘဏ်ခွဲများ ရန်ကုန်တွင် စတင်ဖွင့်လှစ်၊ မြန်မာကိုဖြတ်၍ တရုတ်-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုပြုလုပ်ရန် အဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေး မြန်မာဘက်မှ သဘောတူပြီ၊ အာဆီယံစံချိန်အတိုင်း ကုန်တင်ဆောင်ရန် အသိပညာပေးသည်ကိုအကြောင်းပြကာ ကုန်သည်အချို့ ကုန်ဈေးနှုန်းတက်ရန် တာစူနေ၊ ဒီမိုကရေစီနိုင်ငံဖြစ်လာချိန်တွင် လူတန်းစားအလိုက် အသင်းအဖွဲ့များ ပေါ်ပေါက်လာနိုင်၍ ကန်ထရိုက်နှင့် အလုပ်သမားများအကြား အခက်အခဲပြဿနာများ ကြုံတွေ့နိုင်ရာ ဂရုပြုရန် လိုအပ်ဟုဆို၊ ပို့ကုန်ဝင်ငွေတန်ဖိုးမတည်ငြိမ်မှုကြောင့် ပြည်ပပို့ အစိုးရတရားဝင်ငါးဈေးနှုန်းကို လာမည့်လမှ စတင်၍ ရှစ်ရာခိုင်နှုန်းအထိ လျှော့ချမည်၊ နိုင်ငံခြားငွေဈေး ပြန်လည်ဦးမော့လာခြင်းကြောင့် ရွှေဈေး တစ်ပတ်အတွင်း တစ်ကျပ်သား ကျပ်နှစ်သောင်းအထိ မြင့်လာ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ကျေးလက်လူငယ်များနှင့် မလေးရှားခရီး"၊ "ကိုယ့်လူမျိုးအတွက်ဆိုတဲ့ အားလေးတစ်ခုနဲ့ ဒီအလုပ်ကို ဆက်လုပ်ဖြစ်လာတယ်" ခင်လေးနွယ်နှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယန်းငွေဈေး ဆက်တိုက်မြင့်မားနေမှုကြောင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး ဂျပန်ကုမ္ပဏီများ၏ ထုတ်ကုန်များကို ပင်လယ်ရပ်ခြားတွင် ထုတ်လုပ်လာကြ၊ ပါတီအသစ်တစ်ရပ် တည်ထောင်ပြီး ၂၀၁၃ ရွေးကောက်ပွဲတွင် မူရှာရက်ဖ် ဝင်ရောက်အရွေးခံမည်၊ ဒေါ်လာငွေမတည်ငြိမ်မှုကြောင့် ရွှေဘက်လှည့်နေကြစဉ်ကာလအတွင်း IMF သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကားဗဟိုဘဏ်သို့ ရွှေဆယ်တန်ထုတ်ရောင်း၊ "မလေးရှားအလှကုန်ပစ္စည်း သန်းကြွယ်သူဌေးမ ကျေးလက် ကြက်မွေးမြူရေးခြံ တစ်ခြံတွင် အသတ်ခံရ" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

အထက(၂) တောင်ဥက္ကလာ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၉ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မောင်ချစ်ရဲအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စံစံဆုချီးမြှင့်စဉ်။
(ပညာရေး)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သစ်တစ်ပင်တောင် အောက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကော့မှူးမြို့အဝင် ဆိုင်းဘုတ် မြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် မြေယာရှုခင်းအလှ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စိုးမဲကျီလမ်း ကွန်ကရစ်ရေမြောင်း ပြုလုပ်စဉ်။ (မြို့နယ်စည်ပင်)

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်းအလှပင်များ၊ အရိပ်ရပင်များ မြို့တွင်းလမ်းဘေး ဝဲ၊ ယာတွင် စိုက်ပျိုးစဉ်။ (မြို့နယ်စည်ပင်)

သတ္တမအကြိမ်မြောက် JAPAN CUP ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲနှင့် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၁၀ခုနှစ် သတ္တမအကြိမ်မြောက် Japan Cup ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. KARUYUKI TAKEUCHI နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြိုင်ပွဲဝင် အသင်းများမှ နည်းပြ၊ အုပ်ချုပ်သူနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အစီအစဉ်အရ ပြိုင်ပွဲဝင် အားကစားအသင်းများ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးယာယီတာဝန်ခံက နှုတ်ခွန်းဆက် အမှာစကားပြောကြား၍ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်က အဖွင့်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲများကို စတင်ကျင်းပသည်။ အဆိုပါ ပြိုင်ပွဲများကို စက်တင်ဘာ ၂၁ရက်နှင့် ၂၂ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်သည် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားကွင်း မြားပစ်ပြိုင်ကွင်း၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ တတိယနေ့ ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဆုချီးမြှင့်

ပြိုင်ပွဲ တတိယနေ့ ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသမီး Compound မီတာ ၇၀ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ မြန်မာ(က)အသင်း၊ ဒုတိယဆုရ မြန်မာ (ခ) အသင်းနှင့် တတိယဆုရ အိန္ဒိယအသင်း၊ အမျိုးသား Compound မီတာ ၇၀ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ မြန်မာ(ခ) အသင်း၊ ဒုတိယဆုရ မြန်မာ(က) အသင်းနှင့် တတိယဆုရ အိန္ဒိယ (က) အသင်းတို့အား အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး Major Baharuddin Jamil က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသမီး Recurve မီတာ ၇၀ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ မြန်မာ(က)အသင်းနှင့် ဒုတိယဆုရ မြန်မာ(ခ)အသင်း၊ အမျိုးသား Recurve မီတာ ၇၀ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ထိုင်းအသင်း၊ ဒုတိယဆုရ မြန်မာ(က)အသင်းနှင့်တတိယဆုရ မြန်မာ(ခ)အသင်းတို့အား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Compound Mix Team မီတာ ၇၀ ပြိုင်ပွဲတွင် ပထမဆုရ မြန်မာအသင်း၊ ဒုတိယဆုရ အိန္ဒိယအသင်းနှင့် တတိယဆုရ လာအိုအသင်း၊ Recurve Mix Team မီတာ ၇၀ ပြိုင်ပွဲတွင် ပထမဆုရ ထိုင်းအသင်း၊ ဒုတိယဆုရ မြန်မာအသင်းနှင့် တတိယဆုရ မွန်ဂိုလီးယားအသင်းတို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းက ရွှေတံဆိပ် ၁၃ဆု၊ ငွေတံဆိပ် ၁၅ဆုနှင့် ကြေးတံဆိပ် ခုနစ်ဆု စုစုပေါင်း ဆုတံဆိပ် ၃၅ဆုဖြင့် ပထမ၊ ထိုင်းအသင်းက ရွှေတံဆိပ် လေးဆု၊ ငွေတံဆိပ် နှစ်ဆုနှင့် ကြေးတံဆိပ် တစ်ဆု စုစုပေါင်း ဆုတံဆိပ် ခုနစ်ဆုဖြင့် ဒုတိယ၊ မွန်ဂိုလီးယားအသင်းက ရွှေတံဆိပ် တစ်ဆုနှင့် ကြေးတံဆိပ် နှစ်ဆု စုစုပေါင်း ဆုတံဆိပ် သုံးဆုဖြင့် တတိယ၊ အိန္ဒိယအသင်းက ငွေတံဆိပ် တစ်ဆုနှင့် ကြေးတံဆိပ် ငါးဆု စုစုပေါင်း ဆုတံဆိပ် ခြောက်ဆုဖြင့် စတုတ္ထ၊ လာအိုအသင်းကကြေးတံဆိပ်တစ်ဆုဖြင့် ပဥ္စမ ရရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Compound Mix Team ပြိုင်ပွဲတွင် ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

❍ ကျောဖုံးမှ

သမားလေးဦးတို့သည် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် ကျိုက္ကဆံ အားကစားဝင်းအတွင်း၌ လေ့ကျင့်နေကြခြင်းဖြစ်သည်။ စောငမန်းကို ၎င်း၏ဦးလေးဖြစ်သူ နည်းပြ ဆရာရိုးရိုးထွေး(ခ)မောင်ကျော်နှင့် အား/ကာမှ ဆရာဦးတင်ဦးတို့က လေ့ကျင့်ပေးကြသည်။ စောငမန်းသည် အလွတ်တန်းထပ်ဆင့်ဒင်္ဂါးရွှေအောင်လံ(၂၀၀၉၊၂၀၁၀) နှင့် မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ (၂၀၀၉) ဖြစ်သည်။လက်ရှိအနေအထား၌လည်း မြန်မာ့ရိုးရာလက်ဝှေ့လောက၏ အမြင့်ဆုံး ချန်ပီယံတစ်ယောက်အဖြစ် ရပ်တည်နေသူဖြစ်ရာ ပြိုင်ဘက် အမေရိကန်လက်ဝှေ့သမားကို အနိုင်ထိုးသတ်နိုင်ရေးအတွက် အားကြိုးမာန်တက် လေ့ကျင့်နေခြင်းဖြစ်သည်။

ဆရာဦးတင်ဦးက လက်သီးထိုးပေါက်များကို အထူးပြုလေ့ကျင့်ပေးပြီး ဆရာမောင်ကျော်က ကျန်နည်းစနစ်ပိုင်းများကို လေ့ကျင့်ပေးသည်။

သားသားကို နည်းပြဆရာ ကဘော်မြေကျော်စိုးက လေ့ကျင့်ပေးနေသည်။ ယခုပွဲသည် သားသား၏ ပထမဆုံး နိုင်ငံတကာပွဲလည်း ဖြစ်သည်။ တွေ့မရှောင်ခေတ္တအနားယူနေသည့်အခိုက် သားသားက နိုင်ငံတကာပွဲ ထွက်လာခြင်းဖြစ်ရာ ဆရာကျော်စိုးက အထူးဂရုပြုလေ့ကျင့်ပေးလျက်ရှိသည်။

ဝါးရင်းတုတ်ဖိုးကေကို ၎င်း၏ ဖခင်လည်းဖြစ်၊ နည်းပြဆရာလည်းဖြစ်သူ ဆရာဦးအောင်မြင့်က လေ့ကျင့်ပေးနေပြီး အစ်ကိုဖြစ်သူ ဖိုးသားကြီးက လေ့ကျင့်ဖော်အဖြစ် တွဲဖက်လေ့ကျင့်ပေးလျက်ရှိသည်။

စိုးလင်းဦးကို နည်းပြဆရာ ဒေါ်နမြေကျော်စိုးက လေ့ကျင့်ပေးနေသည်။

စောငမန်းကို ဆရာမောင်ကျော်က အပြင်းအထန် လေ့ကျင့်ပေးစဉ်။

စိုးလင်းဦးသည် ယခုပြိုင်ပွဲရုံ၌ မွေထိုင်းစစ်နီဝပ်ကို အလဲထိုး အနိုင်ယူထားဖူးသည်။ ၎င်း၏ ဆရာကလည်း မွေထိုင်းလက်ဝှေ့နည်းစနစ်နှင့် နည်းဗျူဟာများကို ထဲထဲဝင်ဝင် လေ့လာသိရှိထားသူဖြစ်ရာ ယခုပွဲ၌ စိုးလင်းဦး အနိုင်ရရှိစေမည့် နည်းစနစ်နှင့် နည်းဗျူဟာများကို ချမှတ်လေ့ကျင့်ပေးနေကြောင်း သိရသည်။

ယခုပွဲကို တွဲဆိုင်းစီစဉ်မှုတာဝန်ယူထားသည့် T & T Group မှ ဦးစိုးသန်းဝင်းကလည်း "ကျွန်တော် ဒီပွဲကို စီစဉ်တာ မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံတကာ မာရှယ်အတ်လောကထဲ ထိုးဖောက်နိုင်ဖို့ ဖြစ်ပါတယ်။ ဒီပွဲမှာ ကျွန်တော်တို့ဘက်က လက်ဝှေ့သမားလေးတွေ အနိုင်ရရှိဖို့ မျှော်လင့်ချက်လည်း ထားပါတယ်။ ဒါပေမယ့် နိုင်လောက်မယ့် လက်ဝှေ့သမားတွေကို ခေါ်ထိုးတာမျိုးတော့ မဟုတ်ပါဘူး။ ဟိုဘက်ကလာမယ့်သူတွေကလည်း မွေထိုင်း ရွှေခါးပတ်ချန်ပီယံတွေပါပဲ။ တရားမျှတတဲ့ အနိုင်ရရှိမှုမျိုးကိုသာ လိုလားပါတယ်။ ပရိသတ်တွေပွဲကောင်းကောင်းကြည့်ရဖို့ အဓိကထား စီစဉ်တာပါ" ဟု ပြောကြားသွားခဲ့သည်။

အမေရိကန်၊ ပြင်သစ်၊ ထိုင်းလက်ဝှေ့သမားများသည် မြန်မာနိုင်ငံသို့ စက်တင်ဘာ ၂၃ ရက် ညနေပိုင်းတွင် ရောက်ရှိလာမည်ဖြစ်ပြီး စက်တင်ဘာ ၂၄ ရက်တွင် မီဒီယာတွေ့ဆုံပွဲတစ်ရပ် ပြုလုပ်မည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

စိုးလင်းဦးကို ဒေါ်နမြေကျော်စိုးက အပြင်းအထန် လေ့ကျင့်ပေးစဉ်။

တောင်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ညောင်လေးပင်မြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ကျိုက်မရောမြို့တွင် ၁ ဒသမ ၃၃ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၀၂ လက်မနှင့် မိတ္ထီလာမြို့တွင် သုည ဒသမ ၄၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာ ၂၂ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၃ဒသမသုည ဒီဂရီစင်တီဂရိတ်(၉၁ဒီဂရီဖာရင်ဟိုက်)	၂၁-၉-၂၀၁၀
အနိမ့်ဆုံးအပူချိန် ၂၄ဒသမသုညဒီဂရီစင်တီဂရိတ် ၇၅ ဒီဂရီဖာရင်ဟိုက်	၂၂-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း	၂၂-၉-၂၀၁၀
မိုးရေချိန် မရှိပါ	၂၂-၉-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၁ဒသမ သုညဒီဂရီစင်တီဂရိတ်(၈၈ဒီဂရီဖာရင်ဟိုက်)	၂၁-၉-၂၀၁၀
အနိမ့်ဆုံးအပူချိန် ၂၄ဒသမ သုညဒီဂရီစင်တီဂရိတ်(၇၅ဒီဂရီဖာရင်ဟိုက်)	၂၂-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း	၂၂-၉-၂၀၁၀
နေပူသည့်နာရီပေါင်း ၃ ဒသမ ၄ နာရီခန့်	၂၁-၉-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၂-၉-၂၀၁၀	၂၅မမ (သုညဒသမ၉၈လက်မ)	၂ မမ (သုည ဒသမ ၀၈ လက်မ)	၅ မမ (သုညဒသမ၁၉လက်မ)
၁-၁-၂၀၁၀ မှ ယနေ့အထိ	၁၇၅၇ မမ (၆၉ ဒသမ ၁၇လက်မ)	၂၀၄၄ မမ (၈၀ ဒသမ ၄၇ လက်မ)	၂၁၈၅ မမ (၈၆ ဒသမ ၀၂ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၀-၉-၂၀၁၀ရက် ၄း၃၀ နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီလေးမိုင်နှုန်း တိုက်ခတ်သည်။

❀ မီးတောင်မှ

မီးတောင်အတွင်းပိုင်း အခြေအနေကို သိရှိနိုင်ရန် အပူဒဏ်ခံနိုင်ရည်ရှိသော အာရုံခံကိရိယာကို တီထွင်သူများမှာ အင်္ဂလန်ရှိ နယူးကာဆယ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ ဖြစ်ကြသည်။

အဆိုပါ အာရုံခံကိရိယာကို ထုတ်လုပ်ရာတွင် ဆီလီကွန်ကာဘိုက် အီလက်ထရွန်နစ်ပစ္စည်းများကို အသုံးပြုထားသည်။ ယင်းပစ္စည်းများသည် ဂျက်အင်ဂျင်စက်တစ်လုံး၏ အတွင်းပိုင်းအပူချိန်နှင့် ညီမျှသောအပူချိန်ကို ခံနိုင်ရည်ရှိသည်ဟုဆို၏။

ကြိုးမဲ့ (ဝိုင်ယာလက်)စက်သွယ်ရေး အာရုံခံကိရိယာကို အသုံးပြုကာ မီးတောင်အတွင်းပိုင်း၌ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ဆာလ်ဖာဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ ဖွဲ့စည်းဖြစ်ပေါ်မှု အခြေအနေကို ထောက်လှမ်းဖော်ထုတ်မည်ဖြစ်သည်။ သိပ္ပံပညာရှင်များသည် မီးတောင်ဆိုင်ရာ အဓိကဓာတ်ငွေ့များ ဖြစ်ပေါ်ပုံနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ရရှိပြီးနောက် မီးတောင်ပေါက်ကွဲနိုင်သည့် အခြေအနေရှိ၊ မရှိ အတိအကျ ဖော်ပြနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

မီးတောင်ပေါက်ကွဲမှုကို ကြိုတင်အသိပေးနိုင်မည့် ကိရိယာကို နယူးကာဆယ်တက္ကသိုလ်ရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာဗဟိုဌာန၌ သုတေသနပြု ထုတ်လုပ်ခဲ့သည်။

အဆိုပါကိရိယာသည် ဓာတ်ရောင်ခြည်ဖြာထွက်မှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိသဖြင့် အနာဂတ်ကာလတွင် ယင်းကိရိယာကို နျူကလီးယား စက်မှုလုပ်ငန်းများ၌ပါ အသုံးပြုလာဖွယ်ရှိကြောင်း ဒေါက်တာအယ်လ်တန်ဟော့စ်ဖောက ပြောကြားသည်။

အင်တာနက်။

ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တက္ကသိုလ်တွင် ၁၉၈၄ ခုနှစ် ကျောင်းဝင်၍ ၁၉၉၁ ခုနှစ်တွင် ဘူမိဗေဒ အဓိကဖြင့် ဘွဲ့ရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၆ရက်နံနက်၉နာရီတွင် M-3 စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ အောင်အောင်စိုး ဖုန်း-၀၉-၅၀၃၅၈၁၉၊ စိုင်းသီဟအောင် ဖုန်း-၀၉-၈၆၃၁၁၀၀၊ လှမိုး ဖုန်း-၀၉-၅၁၀၆၇၅၃၊ ညဏ်မိုး ဖုန်း-၀၉-၈၆၂၆၄၁၆၊ နေမျိုးဝင်းအောင် ဖုန်း-၀၉-၅၁၂၂၀၉၆၊ စိုးမိုးဝင်းကြည် ဖုန်း-၀၉-၅၀၉၁၈၄၄နှင့်နန်းသူဇာအောင် ဖုန်း-၀၉-၅၁၁၈၂၇၇ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ မန္တလေးတိုင်းဒေသကြီး (စည်ပင်သာယာနယ်မြေ) မိုးရာသီသစ်ပင်စိုက်ပျိုး

မန္တလေး စက်တင်ဘာ ၂၁

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ မန္တလေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်သာယာနယ်မြေ)၏ နဝမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက်က ပုသိမ်ကြီးမြို့ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၀) ခေါင်းဆောင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်ပြီး အရိပ်ရစိန်ပန်းပင် စိုက်ပျိုးပေးကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(၄၆၉)

ဈေးမီးဘေးလုံခြုံရေး ဆောင်ရွက်ထားမှုစစ်ဆေး

မြစ်ကြီးနား စက်တင်ဘာ ၂၁

မြစ်ကြီးနားမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် အရေးပေါ်မီးသတ်ငုတ်များ ဆောင်ရွက်ထားရှိမှု အခြေအနေကို စက်တင်ဘာ ၁၄ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင် ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းသင်တန်းကို ဩဂုတ် ၃၁ ရက်က အထက (၁) သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဝင်း အမှာစကားပြောကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

အမြို့မြို့အနယ်နယ်တွင် တိုးတက်စည်ပင်

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ထားဝယ်မြို့ စည်ပင်သာယာရေးအဖွဲ့ ဘုမွှော်တံတား ပြင်ဆင်ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖယ်ခုံ မြို့မဈေး မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးစီမံချက်အရ ဈေးအတွင်း ဆိုင်ခန်းသုံးမီးလိုင်းနှင့် ဈေးလုံခြုံရေးမီးလိုင်း ခွဲခြားထားရှိမှု စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်း တူးဖော်ပေးစဉ်။ (မြို့နယ်စည်ပင်)

စက်တင်ဘာ ၈ ရက်က တာမွေမြို့နယ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ၌ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုရရှိသူ အထက (၄) တာမွေ ပဉ္စမတန်းမှ မနှင်းထက်ထက်နိုင်ဝင်းအား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

အထက(၂) ရွှေဘို(ချမ်းသာကြီး အထက) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၁

အထက(၂)ရွှေဘို (ချမ်းသာကြီး အထက)မှ သက်ပြည့်အငြိမ်းစား ယူသွားကြသော ဆရာကြီး၊ ဆရာမကြီး ၉၃ ဦးအား တပည့်များ စုပေါင်း၍ (၃၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၁၀နာရီတွင် ရွှေဘိုမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများအားလုံး တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးစိုးမင်း [ကျောင်းအုပ်ကြီး အထက(၂) ရွှေဘို] ဖုန်း-၀၇၅-၂၁၀၂၇၊ ဦးတင်ဝင်း ဗိုလ်ကုန်းရပ် ရွှေဘိုမြို့ ဖုန်း-၀၇၅-၂၁၃၁၉နှင့် နီးစပ်ရာ ပူဇော်ပွဲကျင်းပရေး အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဂဝံခင်းခြင်း ဆောင်ရွက်

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျိုက်ကော်-ညောင်လေးပင်-ကတိုက်ကြီးလမ်း ဂဝံခင်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၉-၂၀၁၀ ရက် ကြေးမုံသတင်းစာ စာ(၁၆)ပါ ငြင်းချက်ထုတ်ရန်သမ္မန်စာကြော်ငြာတွင် ဦးကျော်တင် (တရားလို)နှင့် ၁။ဒေါ်ခင်ဝင်း(ခ)ဒေါ်ညီမ၊ ၂။ ဒေါ်ဌေးဌေး(တရားပြိုင်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဘအ/၂၂၈၀၈ အမျိုးအမည် Honda Dream II ယာဉ်လက်ဝယ်ရှိသူအမည် ဦးလှဝင်း မှတ်ပုံတင်အမှတ် [၅/ဒပယ(နိုင်)၀၈၄၅၈၆] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (မြဝတီမြို့)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မလမ/၇၅၀၇၅ ဟွန်ဒါခင်း(မ်)125 ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ကွန်နု မှတ်ပုံတင်အမှတ် [၁၀/ရမန(နိုင်)၀၇၀၃၃၄] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

informatics THAMES

နိုင်ငံတကာအဆင့်မီ IT & Business ဒီပလိုမာ သင်တန်းများ

- International Diploma in Computing
- International Diploma in Networks & Cybersecurity
- International Diploma in Electronic & Computer Engineering
- International Diploma in Business Administration

ဆယ်တန်းအောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်ပါသည်။

2nd Fl. Myaynigone Plaza.Ph: 501450, 706740, 525971

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မြန်မာ-အမေရိကန်-ပြင်သစ်-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မြန်မာ့ရိုးရာ လက်ဝှေ့ကျော်များ အပြင်းအထန် လေ့ကျင့်လျက်ရှိ

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် (MTF) နှင့် T&T Group တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ-အမေရိကန်-ပြင်သစ်-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်များတွင် သုဝဏ္ဏပြိုင်ပွဲရုံ၌ မွန်းလွဲ ၂ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲ၌ ပြည်ပမာရှယ်အတ်သမားများနှင့် ယှဉ်ပြိုင်ထိုးသတ်ကြမည့် မြန်မာ့ရိုးရာလက်ဝှေ့ကျော်များသည် ကျိုက္ကဆံလေ့ကျင့်ရေးစခန်း၌ အပြင်းအထန် လေ့ကျင့်လျက်ရှိသည်။

ဖိုးကေကို ဖိုးသားကြီးက အပြင်းအထန် လေ့ကျင့်ပေးစဉ်။

သားသားကို ဆရာ ကဘော်မြေကျော်စိုးက အပြင်းအထန် လေ့ကျင့်ပေးစဉ်။

နှစ်ရက်တာ ကျင်းပမည့်ပြိုင်ပွဲတွင် တစ်နေ့လျှင် ပြည်တွင်းစိန်ခေါ်ပွဲ ခြောက်ပွဲ၊ ပြည်ပ စိန်ခေါ်ပွဲ နှစ်ပွဲစီဖြင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ ပထမနေ့တွင် သားသား(မြန်မာ)နှင့် ဘိုဟန်(ပြင်သစ်)၊ ဝါးရင်းတုတ်ဖိုးကေ(မြန်မာ)နှင့် ပါဝိ(ထိုင်း)၊ ဒုတိယနေ့တွင် စိုးလင်းဦး(မြန်မာ)နှင့် မန်ကော်ရို(ထိုင်း)၊ စောငမန်း(မြန်မာ)နှင့် ဆိုင်းရပ်(အမေရိကန်)တို့က နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအဖြစ် ထိုးသတ်ကြမည်ဖြစ်သောကြောင့် မြန်မာ့ရိုးရာလက်ဝှေ့ စာမျက်နှာ ၁၁ ကော်လံ ၂ သို့ ❍

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ဇင်လင်းထွန်း(မနုဖြူ)

အဆင်အပြင်
တင်ထွန်းတာ

မီးတောင်ဗေဒ အင်တာနက်သတင်း

မီးတောင်ပေါက်ကွဲနိုင်ခြင်း ရှိ၊ မရှိ အာရုံခံကိရိယာဖြင့် ဖော်ထုတ်နိုင်မည်

လန်ဒန် စက်တင်ဘာ ၂၁

မီးတောင်ပေါက်ကွဲနိုင်ခြင်း ရှိ၊ မရှိ လေ့လာဖော်ထုတ်ပေးနိုင်မည့် အာရုံခံကိရိယာတစ်မျိုးကို ဗြိတိသျှသိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားပြီဖြစ်သည်။ ၉၀၀ ဒီဂရီဆဲလ်စီးယပ်စ် အပူချိန်အထိ ခံနိုင်ရည်ရှိသည့် ရေဒီယိုလှိုင်း ထုတ်လွှင့်စက်များဖြင့် မီးတောင်ပေါက်ကွဲမည့်အခြေအနေကို ဖော်ထုတ်နိုင်ရန် သိပ္ပံပညာရှင်များက လေ့လာသွားမည်ဖြစ်သည်။ စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❁

ဘာသာပြန်-ရောမောင်

ကော်စတာရီကာနိုင်ငံ မြို့တော် ဆန်ဟိုဆေးမှ ၄၇ မိုင်အကွာရှိ ပိုးယက်စ် မီးတောင်ထိပ်ဝကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*